ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့ (11-1-2012) (၇၀၀၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး
အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော်　　ဇန်နဝါရီ　　၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် နေပြည်တော်၌ ရောက်ရှိနေသော အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မူဝါဒရေးရာညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston နှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

သဘာဝဘေးဒဏ်ခံခဲ့ရသောနယ်မြေ၌ စက်ရုပ်လယ်သမားများ အသုံးပြုမည်

ဘာသာပြန် ရောမောင်

တိုကျို　　ဇန်နဝါရီ　　၁၀

ဂျပန်နိုင်ငံ၌ ပြီးခဲ့သည့်နှစ်က မြေငလျင်လှုပ်မှုနှင့် ဆူနာမီရေလှိုင်းရိုက်ခတ်မှုတို့ကြောင့် ပျက်စီးခဲ့ရသော လယ်ယာမြေများတွင် စိုက်ပျိုးရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်ရန် စက်ရုပ်လယ်သမားများအား အသုံးပြုမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဆိုင်ရာ နည်းပညာရှင်များက ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားကြသည်။ ဂျပန်နိုင်ငံ၌ လွန်ခဲ့သည့်နှစ် မတ်လ ၁၁ ရက်က ဖြစ်ပေါ်ခဲ့သော သဘာဝကပ်ဘေးကြောင့် တစ်ချိန်တစ်ခါက စည်ပင်ဖွံ့ဖြိုးခဲ့သော လယ်ယာမြေများ ပျက်စီးခဲ့ရသည်။

ဂျပန်နိုင်ငံ မြို့တော်တိုကျိုမြောက်ဘက် ကီလိုမီတာ ၃၀၀(မိုင် ၂၀၀) ခန့်အကွာ မီယာဂီပြည်နယ်၌ ဆူနာမီလှိုင်းဒဏ်ကြောင့် လယ်ယာမြေများ ပျက်စီးခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖

သဘာဝဘေးဒဏ်ခံခဲ့ရသော လယ်ယာမြေများ၌ စက်ရုပ်လယ်သမားများကို အသုံးပြုရန် စီစဉ်လျက်ရှိသည်။



ကြေးမုံ စာတည်းရှုထောင့် ၁၁-၁-၂၀၁၂(ဗုဒ္ဓဟူးနေ့)။

ဂုဏ်မငယ်၊ ဂုဏ်တင့်

အသစ်သည် မူလက သစ်လွင်ကောင်းမွန်၏။ ရှိရှိသေသေ ကိုင်တွယ်သော် အရှည်တည်တံ့၏။ မရှိသေသော်ပျက်စီး၏။သစ်လွင်သော မြို့တစ်မြို့သည်လည်း ကြာသော် စည်းကမ်းမဲ့အသုံးပြုခြင်း၊ တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်မှုနည်းခြင်းတို့ကြောင့် ညစ်နွမ်းခြင်းသို့ရောက်ရ၏။ စီးပွားရေးမြို့တော်ဟုခေါ်တွင်သည့် ရန်ကုန်မြို့သည် တစ်ချိန်က အရှေ့တောင်အာရှတွင် အကောင်းဆုံးမြို့တစ်မြို့ဖြစ်၏။ ကြာသော် ထိန်းသိမ်းမှုနှင့် စည်းကမ်းအားနည်းမှုတို့ကြောင့် မြို့ပြအင်္ဂါရပ်များ လျော့နည်းလာ၏။

အချိန်တို့၏တိုက်စားမှု၊ လူတို့၏စည်းကမ်းမဲ့မှုများမှာ မြို့ကြီး၏ သန့်ရှင်းမှု၊ လှပမှုများကို အကျည်းတန်ပြီး အရုပ်ဆိုးစေ၏။ ထို့ကြောင့် မြို့တော်ကြီးသန့်ရှင်းသာယာလှပဖို့ လုပ်ဆောင်ကြပါမည်။ မြို့တော်ကြီး သန့်ရှင်းသာယာလှပဖို့ လူတိုင်းတွင် တာဝန်ရှိပါသည်ဟု ကြွေးကြော်ကြ၏။

အရိုးစွဲလာသောလူတို့ကို ကိုင်တွယ်ဖြေရှင်းရမည့်အလုပ်မှာ လွယ်ကူလှသော အလုပ်မဟုတ်။ များပြားလှသည့် မြို့ပြစည်းကမ်းများကို ခေတ်အဆက်ဆက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခဲ့ကြသော်လည်း မုန့်လုံးရေပေါ်သကဲ့သို့ ပေါ်တစ်ချည် ငုပ်တစ်လှည့်ဖြင့် အရိုးစွဲလာခဲ့ကြပါ၏။ ရည်မှန်းချက်သို့ ရောက်ရှိရန်မှာမူ မြို့နေပြည်သူအားလုံးတွင်လည်း တာဝန်ရှိပါသည်။ ကြပ်မတ်သူတို့တွင်လည်း တာဝန်ရှိပါသည်။

မကြာသေးမီက ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးစီမံချက်အရ စည်းကမ်းမဲ့အမှိုက်ပစ်သူ၊ အပေါ့အလေးစွန့်သူနှင့် ကွမ်းတံတွေးထွေးသူတို့ကို စောင့်ကြည့် အရေးယူရန်သတင်းကို ကြားသိလိုက်ရပါသည်။ အငြိမ်းစား ဝန်ထမ်းများမှ လုပ်ဆောင်လိုသူများကို တာဝန်ပေးမည်ဖြစ်ပြီး ရရှိမည့် ဒဏ်ကြေးမှ ၁၀ ရာခိုင်နှုန်းကို အခပေးမည်ဟု ပြောဆိုသံကြားလိုက်ရသည်။

အဆိုပါလုပ်ငန်းနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံကြီးတစ်နိုင်ငံတွင်လည်း အလားတူတွေ့ရှိခဲ့ဖူးပါ၏။ သက်ကြီးအငြိမ်းစားများမှာ သူတို့၏မြို့တော်လမ်းမများတွင် အမှိုက်တစ်စ၊ မြက်တစ်ပင်ကို ညင်သာစွာ ရှာဖွေရှင်းလင်းလျက် ရှိသည်ကို တွေ့ရပါ၏။ သက်ကြီးရွယ်အိုများဘဝ ဖေးမမှုမှာ ဂုဏ်ငယ်သည်ဟု မထင်ဘဲ မိမိနိုင်ငံ၊ မိမိမြို့တော်သာယာလှပဖို့ တာဝန်သိသိဆောင်ရွက်ရသည်ကိုပင် ဂုဏ်ယူကြပါသည်။ မိမိလည်းဂုဏ်မငယ်၊ ဝန်းကျင်မှလည်း အထင်မသေးသည့်အဖြစ်မှာ လမ်းပေါ်မှနိုင်ငံသားများ နိုင်ငံကြီးသားပီသသည့် စည်းကမ်းရှိသူများ ဖြစ်နေ၍ပင်တည်း။ တစ်ချိန်က မိမိတို့နိုင်ငံကို အတုယူခဲ့သည့် နိုင်ငံတစ်နိုင်ငံတွင်လည်း ရှေ့လူအမှိုက်ပစ်လျှင် နောက်လူအမှိုက်ကောက်သည့်အဖြစ်မှာ အမှိုက်ပစ်သူအတွက် ရှက်စရာ၊ သင်ခန်းစာယူစရာဖြစ်စေသကဲ့သို့ အမှိုက်ကောက်သူအတွက် ဂုဏ်ယူစရာ နိုင်ငံကြီးသားပီသမှုကို ပြသခြင်းပင်ဖြစ်၏။

မြို့တည်ကတည်းက အခြေတကျဖြစ်တည်လာမှုအတွက် အခက်အခဲမရှိသော်လည်း အခြေမကျဖြစ်တည်လာသော အနေအထားကိုမူ ကျွန်ုပ်တို့ပြည်သူအားလုံး လိုက်နာရန်အတွက် အသိပေးကြရမည်။ နှိုးဆော်နေရမည်သာဖြစ်၏။ စည်းကမ်းချက်တစ်ခုကို အကောင်အထည်မဖော်မီ အဆင်သင့်မဖြစ်သေးသောကာလများအတွက် ကြိုတင်သတိပေးမှုများ တွင်တွင်လုပ်ပေးနေရဦးမည်သာဖြစ်သည်။ အသိပညာပေးမှုနှင့်အတူ အရေးယူမှုကိုလည်း ထိထိရောက်ရောက်ပြုလုပ်ရမည်သာဖြစ်သည်။

မြို့ပြသာယာလှပခြင်းသည် နိုင်ငံအတွက်လည်း ဂုဏ်ရှိသကဲ့သို့ မြို့နေပြည်သူများအတွက်လည်း စိတ်ချမ်းမြေ့စေပါသည်။ သို့ပါ၍ မြို့ပြစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြဖို့ အားလုံးတွင်တာဝန်သိ၊ တာဝန်ရှိပြီး ဂုဏ်မငယ်၊ ဂုဏ်တင့်စေပါကြောင်း အခါခါထပ်လောင်း အသိပေးတိုက်တွန်းနှိုးဆော်နေရပါသည်။ ။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများက သဝဏ်လွှာများ ပေးပို့

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လည်းကောင်း၊ ဒုတိယသမ္မတများနှင့် နိုင်ငံခြားရေးဝန်ကြီးထံသို့ လည်းကောင်း နိုင်ငံတကာမှ နိုင်ငံအကြီးအကဲများနှင့် ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသည်။

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်ဘိုလ်ကီးယားက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မြန်မာပြည်သူအပေါင်းနှင့် အစိုးရအဖွဲ့တို့အတွက် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားများအတွက် မိမိတို့ နှစ်နိုင်ငံအကြား တည်ရှိသော နွေးထွေးလှိုက်လှဲသည့် ချစ်ကြည်ရေး အဝွန်ရှည်ခြင်းငှာ မိမိမျှော်လင့်ပါကြောင်း ဘရူနိုင်းဘုရင်မင်းမြတ်၏ သဝဏ်လွှာ၌ ဖော်ပြထားသည်။

မြန်မာပြည်သူအပေါင်း တိုးတက်ကြီးပွား၍ အဆွေတော်သမ္မတကြီးလည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် မိမိဆုမွန်တောင်းပါကြောင်း သဝဏ်လွှာ၌ ဖော်ပြပါရှိသည်။

သဝဏ်လွှာပေးပို့

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မင်းသား ဟာဂျီ မိုဟာမက် ဘိုလ်ကီးယားက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

— — — — —

ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အာဆစ်ဖ်အလီဇာဒါရီက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး တည်ရှိကြောင်း၊ အပြန်အလှန်အကျိုးစီးပွားများကို အခြေခံသည့် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးအနာဂတ်၌ ပိုမိုတိုးတက်လာရန် မိမိမျှော်လင့်ပါကြောင်း ပါကစ္စတန်သမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ယူဆွတ်ရာဇာဂီလာနီက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

— — — — — — —

နီပေါနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ နီပေါနိုင်ငံသမ္မတ ဒေါက်တာ ရမ်ဘာရန်ရ်ယာဒဲ့ဗ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူအပေါင်း တိုးတက်ကြွယ်ဝ၍ အဆွေတော်သမ္မတကြီးလည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေရန် မိမိ ဆုမွန်တောင်းအပ်ပါကြောင်း နီပေါနိုင်ငံသမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘာဘာရမ်ဘက်တာရိုက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

— — — — — — —

မော်ရီတေးနီးယားအစ္စလာမ္မစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မော်ရီတေးနီးယားအစ္စလာမ္မစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မိုဟာမက် အူလ်အဗ္ဗဒယ်အဇစ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူအပေါင်း တိုးတက်ကြွယ်ဝစေရန် မိမိဆုမွန်တောင်းပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အနာဂတ်ကာလ၌ ဆက်လက်တိုးမြှင့်နိုင်ရန် မိမိမျှော်လင့်ကြောင်း မော်ရီတေးနီးယားသမ္မတနိုင်ငံ သမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

— — — — — — —

အင်ဒိုနီးရှားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ အင်ဒိုနီးရှားပြည်သူများနှင့် အစိုးရအဖွဲ့ကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာမှုအပေါ် မိမိကျေနပ်ဝမ်းမြောက်မိပါကြောင်း။

အရှေ့တောင်အာရှဒေသ၌ ဒေသတွင်းလုံခြုံရေးနှင့် ကြွယ်ဝချမ်းသာရေး၊ ဒီမိုကရေစီအဆင့်မြှင့်တင်ရေးကဏ္ဍများတွင် တူညီသောဘုံရည်မှန်းချက်နှင့် အမြင်များကြောင့် အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံအကြား မိတ်ဖက်ဆက်ဆံရေး အနာဂတ်ကာလ၌ ပိုမိုခိုင်မြဲမည်ဟု မိမိယုံကြည်ကြောင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ပြည်သူအပေါင်း တိုးတက်ကြွယ်ဝရေးနှင့် အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေရေး မိမိဆုမွန်တောင်းအပ်ပါကြောင်း သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၀ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၆၂၀၀	၀. ၀၃၁၆၃
တရုတ် (ယွမ်)	၆. ၃၁၄၀၀	၀. ၁၅၈၃၈
အိန္ဒိယ (ရူပီး)	၅၁. ၇၀၅၀	၀. ၀၁၉၃၄
မလေးရှား (ရင်းဂစ်)	၃. ၁၃၆၀၀	၀. ၃၁၈၈၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၈၈၃၆	၀. ၇၇၆၁၈
ဂျပန် (ယန်း)	၇၆. ၈၄၀၀	၀. ၀၁၃၀၁
တောင်ကိုရီးယား(ဝမ်)	၁၁၅၃. ၇၉	၀. ၀၀၀၈၇
ယူရို	၀. ၇၈၂၅၅	၁. ၂၇၇၈၇
ဗြိတိသျှ (ပေါင်)	၀. ၆၄၆၃၅	၁. ၅၄၇၁၅

အင်တာနက်။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ ဇန်နဝါရီ ၂၀ ရက် (သောကြာနေ့) ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဖုန်း-၂၁၄၈၃၈၊ ၂၁၄၈၃၉ နှင့် ၂၁၄၈၄၀ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ မြန်မာ့ရှုခင်း

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ မှတ်တမ်း
၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၄၀ ၇။ ရှေးဟောင်းသုတ
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၃၃)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ **Mail Box**
၆း၃၅ ၁၃။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း -၁၄)
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၄၅)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -သံစဉ်များနဲ့ရွာ (ကောင်းပြည့်၊ ရီရီပွင့်ဖြူ၊ ဝင်းနိုင်၊ ဧရာ၊ ခင်လှိုင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၁။ အိုင်စီတီသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အချစ်ကြီးချစ် (အပိုင်း-၄)**
၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာကိစ္စများ၊ နိုင်ငံရေး ပါတီဆိုင်ရာကိစ္စများနှင့် နှစ်နိုင်ငံအဖွဲ့အစည်းများအကြား ရင်းနှီးခင်မင်စွာ ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအောင်မြင်ရေး ပြည်သူများ၏ ပံ့ပိုးကူညီမှုများရရှိမှသာ အောင်မြင်မည်

နေပြည်တော် ဇန်နဝါရီ ၁၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တီဘီရောဂါအထူးကုဆေးရုံကြီးသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တင်ပြချက်များကို ဖြည့်ဆည်းပေးပြီး စာရင်းဇယားများ မှန်ကန်တိကျရန် လိုအပ်ကြောင်း၊ အခြေအနေမှန်နှင့် စာရင်းဇယားတိကျမှန်ကန်မှုရှိမှသာ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရာ၌ အောင်မြင်အကျိုးဖြစ်ထွန်းမည် ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအောင်မြင်ရေးအတွက် ကျန်းမာရေးဌာနတစ်ခုတည်း ဆောင်ရွက်၍မရကြောင်း၊ ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များနှင့် မိဘပြည်သူများ၏ ပံ့ပိုးကူညီမှုများရရှိမှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းသည် လူ၏အသက်ကိုကယ်သည့် လုပ်ငန်းဖြစ်သည့်အတွက် တန်ဖိုးထားအလေးပေးဆောင်ရွက် သွားကြရမည် ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက ဆေးရုံ၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားမိုင်ခြမ်းပြု တီဘီဓာတ်ခွဲဌာန ဓာတ်ခွဲခန်း၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံပြသထားမှုများ၊ ခေတ်မီစက်ပစ္စည်းကိရိယာသုံးစွဲမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တီဘီရောဂါအထူးကုဆေးရုံကြီး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (၂၀၁၁) ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများက သုတေသနကဏ္ဍများအလိုက် သဘာပတိများအဖြစ်ဆောင်ရွက်ကြပြီး ပညာရှင်များက စာတမ်းပေါင်း ၁၇ စောင်ကို ဖတ်ကြားကြသည်။

ထို့ပြင် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (Symposium) များဖြစ်သော “ခံတွင်းကျန်းမာရေးမှသည် အလုံးစုံကျန်းမာရေးသို့”နှင့် “ကင်ဆာရောဂါရှာဖွေ ကုသမှုဆိုင်ရာ တိုးတက်ပြောင်းလဲမှု” တို့ကို ပြည်တွင်းပြည်ပ ဆေးပညာရှင်များက ဟောပြောဆွေးနွေးကြပြီး သုတေသီပညာရှင်များက မေးမြန်းဆွေးနွေးကြသည်။ ညီလာခံကို ဇန်နဝါရီ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (၂၀၁၁) ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၆၁)ကြိမ်မြောက် နှစ်ပတ်လည်နှင့် သင်းလုံးကျွတ်အစည်းအဝေးကို ရန်ကုန်မြို့ သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပသည်။ အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အံ့ကျော်(ငြိမ်း)က အမှာစကားပြောကြားပြီး သက်ကြီးပူဇော်ပွဲ၊ အသင်းကြီးသို့ မြေနေရာနှင့် ငွေလှူဒါန်းသူများအား ဂုဏ်ပြုပွဲ၊ တက္ကသိုလ်ကျောင်းသား ၂၁ ဦးအား ပညာသင်ဆုချီးမြှင့်ပွဲ၊ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ၁၇ ဦးအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ သိရီသုဓမ္မမဏိဇောတဓရဘွဲ့ရ ဦးမြင့်စိုး၊ (၁၁၅)ကြိမ်မြောက် သွေးလှူရှင် ဦးကျော်ဝေ၊ ပါရဂူဘွဲ့ရရှိပြီးသူများဖြစ်ကြသော ဒေါက်တာဝင်းနိုင်၊ ဒေါက်တာခင်စိုးဦး၊ ဒေါက်တာနီနီရှိန်၊ ဒေါက်တာနန္ဒာဝင့်၊ ဒေါက်တာထက်ထက်စုလှိုင်၊ ပခုက္ကူစာပေဆုရ မောင်ခြိမ့်၊ ဆိုကရေးတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိကြသော မအိအိမွန်၊ မခင်မြင့်မြတ်မောင်၊ ခင်ပြည့်စုံအောင်၊ မခင်စိုးပန်းချီတို့အား ဂုဏ်ပြုပွဲ ကျင်းပကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း (MWEA) က ကြီးမှူး၍ Agro Bio Product Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် ဟောပြောပွဲကို ဇန်နဝါရီ ၁၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ်(၂၈၈/၂၉၀) ရှိ MWEA Tower (စတုတ္ထထပ်)ရှိ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် ဦးကျော်ကျော်လှိုင် (ဥက္ကဋ္ဌ- Smart Group of Companies)က ဟောပြောဆွေးနွေးမည်ဖြစ်ပြီး တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၂၅၄၄၀၀၊ ၂၅၄၄၃၃ နှင့် ၃၈၉၃၈၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ဇန်နဝါရီ ၈ ရက်က ပေါင်းလောင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးတွင် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးရှင် မချစ်ပိုးအိစံအား အသင်းဥက္ကဋ္ဌ ဦးကျင်တီ ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

၂၀၁၁ ခုနှစ် တစ်နှစ်တာအတွင်း ထုတ်ပယ်လိုက်သော ယာဉ်လုပ်သား ၂၃၀ ကျော် ရှိနေ

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၁၁ ခုနှစ် တစ်နှစ်တာကာလအတွင်း ယာဉ်လိုင်းအသီးသီးမှ ထုတ်ပယ်လိုက်သည့် ယာဉ်လုပ်သား စုစုပေါင်း ၂၃၃ ဦးရှိပြီး မေလတွင် ဦးရေ ၃၀ ဖြင့် အများဆုံးထုတ်ပယ်ခံရကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှု ဗဟိုကော်မတီမှ သိရသည်။

အဆိုပါထုတ်ပယ်လိုက်သော လုပ်သားဦးရေအနည်းဆုံးလမှာ နိုဝင်ဘာလဖြစ်ပြီး ခုနစ်ဦးသာ ထုတ်ပယ်ခံရကြောင်း၊ ဇန်နဝါရီလတွင် ၂၁ ဦး၊ ဖေဖော်ဝါရီလတွင် ၁၁ ဦး၊ မတ်လတွင် ၁၇ ဦး၊ ဧပြီလတွင် ၂၂ ဦး၊ မေလတွင် ၃၀၊ ဇွန်လတွင် ၂၂ ဦး၊ ဇူလိုင်လတွင် ၁၈ ဦး၊ ဩဂုတ်လတွင် ၁၉ ဦး၊ စက်တင်ဘာလတွင် ၂၄ ဦး၊ အောက်တိုဘာလတွင် ၂၃ ဦး၊ နိုဝင်ဘာလတွင် ခုနစ်ဦး၊ ဒီဇင်ဘာလတွင် ၂၃ ဦး စသည်ဖြင့် ထုတ်ပယ်ခံရကြောင်း၊ ယင်းတို့အနက် ဗန္ဓုလ(ပါရမီ) ယာဉ်လိုင်းများမှ ၁၂၁ ဦး၊ မထသ (မြို့တွင်း) ယာဉ်လိုင်းများမှ ၇၈ ဦး၊ သန်မြန်သူယာဉ်လိုင်းများမှ ၁၈ ဦး၊ အရှေ့ပိုင်းခရိုင်(မထသ)အောက်ရှိ ယာဉ်လိုင်းများနှင့် မြောက်ပိုင်းခရိုင်(မထသ) အောက်ရှိ ယာဉ်လိုင်းများမှ ငါးဦးစီ၊ ရွှေရန်ကုန် ယာဉ်လိုင်းများမှ လေးဦး၊ တောင်ပိုင်းခရိုင်(မထသ)အောက်ရှိ ယာဉ်လိုင်းများနှင့် စစ်မှုထမ်းဟောင်း(မြို့တွင်း) ယာဉ်လိုင်းများမှ တစ်ဦးစီထုတ်ပယ်ခံရကြောင်း သိရသည်။

(၆၈၀)

 နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

တရားမဝင်ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုတိုက်ဖျက်ရေး အစ္စရေးပါလီမန်က ဥပဒေကြမ်းအတည်ပြု

ဂျေရုဆလင် ဇန်နဝါရီ ၁၀

တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများနှင့် ယင်းကဲ့သို့ ရွှေ့ပြောင်းအခြေစိုက်နေထိုင်နိုင်ရန် ကူညီပံ့ပိုးပေးသူများအား ပြင်းပြင်းထန်ထန်အရေးယူနိုင်မည့် ဥပဒေကြမ်းတစ်ရပ်ကို အစ္စရေးပါလီမန်က ဇန်နဝါရီ ၉ ရက်တွင် အတည်ပြုပေးလိုက်သည်။

အာဖရိကတိုက်မှ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများသည် အီဂျစ်နိုင်ငံ ဆိုင်းနိုင်းသဲကန္တာရနှင့် ထိစပ်နေသော တောင်ပိုင်းနယ်စပ်ဒေသမှတစ်ဆင့် အစ္စရေးနိုင်ငံအတွင်းသို့ ခိုးဝင်နိုင်ရန် ကြိုးပမ်းလေ့ရှိကြသည်။

ဆင်းရဲမွဲတေသောအာဖရိကတိုက်သားများသည် အစ္စရေးနိုင်ငံ၌ခိုလှုံကာ အလုပ်လုပ်ကိုင်လိုကြသည်။ ၂၀၀၅ ခုနှစ်နောက်ပိုင်း အစ္စရေးနိုင်ငံအတွင်းသို့ တရားမဝင်ခိုးဝင်ကာ အခြေစိုက်နေထိုင်သူဦးရေ ၅၀၀၀၀ ခန့်ရှိသည်ဟု အစိုးရက ခန့်မှန်းသည်။

တားဆီးကာကွယ်

လူမှောင်ခိုပြဿနာသည် အစ္စရေးနိုင်ငံကို ခြိမ်းခြောက်လျက်ရှိကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားသည်။ တရားမဝင်ရွှေ့ပြောင်း အခြေစိုက်နေထိုင်မှု တားဆီးကာကွယ်ရေးဥပဒေသည် လူ့အခွင့်အရေးကို ချိုးဖောက်ရာရောက်စေသည်ဟု လူ့အခွင့်အရေးလှုပ်ရှားသူများက ပြောကြားသည်။

အင်တာနက်။

စင်ကာပူ ကျန်းမာရေးလုပ်သားတစ်ဦးအား တွေ့ရစဉ်။

စင်ကာပူ၌ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်သားလိုအပ်ချက် လေးဆအထိတိုးလာမည်

စင်ကာပူ ဇန်နဝါရီ ၁၀

စင်ကာပူနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်သား ၁၁၀၀၀ အထိ လိုအပ်မည်ဟုခန့်မှန်းရကြောင်း ကျန်းမာရေးဝန်ကြီး အေမီခိုယာက ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

စင်ကာပူနိုင်ငံ၌ နောက်ရှစ်နှစ်ကြာကာလတွင် ဆရာဝန်များ၊ သူနာပြုများ၊ ကုထုံးပညာရှင်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများကို လက်ရှိအင်အားထက်လေးဆ လိုအပ်လာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

စင်ကာပူနိုင်ငံ၌ လောလောဆယ်တွင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း၌လုပ်ကိုင်နေသူ ကျန်းမာရေးဝန်ထမ်း ၄၀၀၀ ခန့်ရှိသည်။

လူဦးရေ ၅ ဒသမ ၈ သန်းရှိ စင်ကာပူနိုင်ငံ၌ သက်ကြီးရွယ်အိုဦးရေမြင့်တက်လျက်ရှိရာ ယင်းသက်ကြီးရွယ်အိုများကို စောင့်ရှောက်ပေးနိုင်ရန် ကျန်းမာရေးလုပ်သားလိုအပ်ချက် သိသိသာသာတိုးတက်လာမည်ဖြစ်သည်ဆို၏။

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သည့်နှစ်က သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ကော်မတီတစ်ရပ်အောက်တွင် ကော်မတီခွဲငါးခုကို ထူထောင်ခဲ့သည်။

စင်ကာပူနိုင်ငံ၌ ဘိုးဘွားများအား စောင့်ရှောက်ပေးနိုင်ရန် နေ့ပိုင်းသက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများကို တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

အင်တာနက်။

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်ရှိ ကိုယ်ရံတော် လုံခြုံရေးဝန်ထမ်းလောင်းများ လေ့ကျင့်သင်ယူလျက်ရှိကြစဉ်။

တရုတ်နိုင်ငံ၌ အမျိုးသမီးကိုယ်ရံတော်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူ များပြားလာ

ပေကျင်း ဇန်နဝါရီ ၁၀

တရုတ်နိုင်ငံ၌ စီးပွားရေးတိုးတက်လာမှုနှင့်အတူ အမျိုးသမီးကိုယ်ရံတော်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူ အမျိုးသမီးများ ပိုမိုများပြားလာကြောင်း သတင်းဌာနများက ဇန်နဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်ရှိ ကိုယ်ရံတော်လုပ်ငန်းနှင့် လုံခြုံရေးဆိုင်ရာ အတိုင်ပင်ခံကုမ္ပဏီသည် အမျိုးသမီး ကိုယ်ရံတော်များကို လေ့ကျင့်ပေးလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းစာများက ရေးသားဖော်ပြသည်။

ကိုယ်ရံတော်နှင့် လုံခြုံရေးဝန်ထမ်းသင်တန်းတက်ပြီးသူ အမျိုးသမီးများသည် ကြွယ်ဝချမ်းသာသော စီးပွားရေးလုပ်ငန်းရှင်များထံတွင် လုပ်ခလစာကောင်းသည့် အလုပ်အကိုင်ကို ရရှိနိုင်ကြသည်။

အမျိုးသမီး ကိုယ်ရံတော်လေ့ကျင့်ရေးသင်တန်းတွင် ရှစ်လမှ ၁၀ လအထိ သင်ယူလေ့ကျင့်ကြရကြောင်း၊ ထောက်လှမ်းရေးဆိုင်ရာ သင်ခန်းစာများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်ခန်းများကို ပြင်းပြင်းထန်ထန် သင်ယူလေ့ကျင့်ကြရပြီး ကိုယ်လုံပညာကိုပါ ဆည်းပူးကြရကြောင်း၊ ကိုယ်ရံတော်များသိရှိသင့်သော နီတိကျင့်ဝတ်များကိုလည်း လေ့ကျင့်သင်ယူကြရကြောင်း သတင်းတွင် ဖော်ပြသည်။

အင်တာနက်။

လာအိုရှိအထူးစီးပွားရေးဇုန်၌ ဗီယက်နမ်ကုမ္ပဏီ လုပ်ကိုင်ခွင့်ရ

ဟနွိုင်း ဇန်နဝါရီ ၁၀

ဗီယက်နမ်နိုင်ငံရှိကုမ္ပဏီတစ်ခုသည် လာအိုနိုင်ငံရှိ အထူးစီးပွားရေးဇုန်နယ်မြေ၌ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးရန် ခွင့်ပြုချက်ရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံရှိ မြေယာဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ကိုင်သည့် လောင်သန်းကုမ္ပဏီသည် လာအိုနိုင်ငံရှိ အထူးစီးပွားရေးဇုန်၌ အဆောက်အအုံများနှင့် ဂေါက်ကွင်းတို့ကို တည်ဆောက်ပေးရန် သဘောတူညီချက်တစ်ရပ်ရရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဒေါင်နိုင်းပြည်နယ် အခြေစိုက် လောင်သန်းကုမ္ပဏီသည် လာအိုနိုင်ငံ၏ အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးမူဝါဒနှင့်အညီ လုပ်ကိုင်ခွင့်ရှိကြောင်း လာအိုစီမံကိန်းရေးဆွဲရေးနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနဝန်ကြီး ဆွမ်ဒီအူယောင်ဒီနှင့် လောင်သန်းကုမ္ပဏီ အမှုဆောင်အရာရှိချုပ် လီဗန်ခိုင်တို့ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံရှိ ကုမ္ပဏီများသည် လာအိုနိုင်ငံ၏ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ စီမံကိန်းများတွင် ပါဝင်လုပ်ကိုင်လျက်ရှိသည်။

ဆင်ဟွာ။

ရုရှားလုပ် ဂျက်တိုက်လေယာဉ်များ ဝယ်ယူရန် အင်ဒိုနီးရှားအစိုးရအဖွဲ့ ကန်ထရိုက်စာချုပ်ချုပ်ဆို

ဂျကာတာ ဇန်နဝါရီ ၁၀

အင်ဒိုနီးရှား အစိုးရအဖွဲ့သည် လေတပ်စွမ်းပကားကို မြှင့်တင်နိုင်ရေးအတွက် ရုရှားလုပ် ဆူခွိုင်းအက်စ်ယူ-၃၀ အမ်ကေ ၂ အမျိုးအစား ဂျက်တိုက်လေယာဉ်ခြောက်စင်းကို ဝယ်ယူရန် ကန်ထရိုက်စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ကြောင်း ဂျကာတာပို့စ်သတင်းစာက ဇန်နဝါရီ ၁၀ ရက်တွင် ရေးသားဖော်ပြသည်။

ဒေါ်လာသန်း ၄၇၀ ကျခံသုံးစွဲမည်

ရုရှားလုပ် ဂျက်တိုက်လေယာဉ်များ ဝယ်ယူနိုင်ရန် အင်ဒိုနီးရှားနိုင်ငံက ဒေါ်လာသန်း ၄၇၀ ကျခံသုံးစွဲရမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးစက်မှုလုပ်ငန်း သတင်းရပ်ကွက်က အတည်ပြုပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် အဆိုပါ လေယာဉ်များကို ၂၀၁၃ ခုနှစ်မှ စတင်ကာ လက်ခံရရှိမည်ဖြစ်သည်။

ရုရှားနိုင်ငံရှိ ဆူခွိုင်းလေယာဉ်ထုတ်လုပ်ရေးနှင့် လက်နက်တင်ပို့ရောင်းချရေး ကုမ္ပဏီဖြစ်သော ရိုဆိုဘော်ရို နက်စပေ့ါ ကုမ္ပဏီနှင့် ကန်ထရိုက်စာချုပ်များကို ထပ်မံချုပ်ဆိုရန်ရှိကြောင်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဆာဂျမ်ဆိုဒင်က ပြောကြားသည်။

အင်ဒိုနီးရှားလေတပ်၌ လောလောဆယ် ဆူခွိုင်းအမျိုးအစားတိုက်လေယာဉ် ၁၀ စင်းကို ဖြန့်ကြက်ထားသည်။

အင်တာနက်။

အင်ဒိုနီးရှားနိုင်ငံက ဝယ်ယူမည့် ဆူခွိုင်းအမျိုးအစား ဂျက်တိုက်လေယာဉ်များကို တွေ့ရစဉ်။

မြို့ပြလေကြောင်းနှင့် ကာကွယ်ရေး စက်မှုလုပ်ငန်းများ တိုးတက်မှုနှေးကွေးဖွယ်ရှိ

ရီယိုဒီဂျနေယိုး ဇန်နဝါရီ ၁၀

ယခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ မြို့ပြလေကြောင်းနှင့် ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုများ နှေးကွေးသွားမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းဈေးကွက် ဆန်းစစ်လေ့လာသူများက သုံးသပ်ထားကြောင်း ဘရာဇီးသတင်းဌာနများက ဇန်နဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ယခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ မြို့ပြလေကြောင်းနှင့် ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများ တိုးတက်မှုနှေးကွေးသွားမည်ဟု ခန့်မှန်းရသော်လည်း ဘရာဇီးနှင့် ဂျပန်နိုင်ငံတို့၏ လက်နက်ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုကြီးထွားလာနိုင်ကြောင်း အိုင်ယာလန်ရှိ ဈေးကွက်သုတေသနဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံနှင့် အီရတ်နိုင်ငံတို့မှ အမေရိကန်တပ်ဖွဲ့များအား အပြီးတိုင် ရုပ်သိမ်းပေးခဲ့ပြီးနောက် အမေရိကန်နိုင်ငံ၏ စစ်လက်နက်ပစ္စည်း ဝယ်လိုအားမှာ ကျဆင်းသွားမည်ဟုခန့်မှန်းရသည်။ တစ်ချိန်တည်းတွင် အမေရိကန်နိုင်ငံသည် အမျိုးသားစီးပွားရေးဆိုင်ရာ ပြဿနာများကို ရင်ဆိုင်နေရသည်။

ဘရာဇီးနိုင်ငံသည် ကာကွယ်ရေးစက်မှုလုပ်ငန်းများ ရှင်သန်တိုးတက်လာစေရန် နှစ်စဉ်ဒေါ်လာငွေ ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

အင်တာနက်။

တောင်သူများ၊ ဝန်ထမ်းများ စုစုစည်းစည်း ညီညီညာညာ ပူးပေါင်းလက်တွဲ၍ စံနမူနာပြကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၁၀

ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် ကြာပင်အုပ်စု ထန်းတပင်ရွာရှိ ထန်းတပင်ကျောင်းတိုက် ပညာဒါနစာသင်ကျောင်းအနီး စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာ၌ ပန္နက်တင်ပွဲကိုကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ထန်းတပင်တောရကျောင်း ဆရာတော်ဘဒ္ဒန္တကေဝလ၊ အလှူရှင် ဦးမောင်ရှိန်၊ KMA ကုမ္ပဏီမှ ဦးခင်မောင်အေးနှင့် ရွှေပြည်တော်ဟိုတယ်မှ ဦးသိန်းအောင်တို့က သတ်မှတ်နေရာအသီးသီး၌ မင်္ဂလာပန္နက်များကို စိုက်ထူပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်တို့က ထန်းတပင်ကျောင်းတိုက် ပညာဒါနစာသင်ကျောင်း၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာပညာရပ်များ လာရောက်သင်ကြားပို့ချပေးနေသော အငြိမ်းစားမူလတန်းပြ ဆရာနှစ်ဦးနှင့် ဆရာမ ၁၀ ဦးတို့အတွက် ဝတ်စုံများပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး တောင်သူပညာပေးဧက ၄၀ စိုက်ခင်း၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ၆၃ ရက်သား သက်တမ်းရှိ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းနှင့် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေ ၃၆၉ ဧက စိုက်ကွင်းရှိ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ကွင်းအရောက် တောင်သူလယ်သမားများအား နည်းပညာများ လက်တွေ့ပြသဆောင်ရွက်ရန်နှင့် တောင်သူများ၊ ဝန်ထမ်းများ စုစုစည်းစည်း ညီညီညာညာ ပူးပေါင်းလက်တွဲ၍ စံနမူနာပြအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာ တဲကြီးကုန်း အလျှင်လိုဒေသရှိ အဆင့်မြင့် စက်မှုလယ်ယာစနစ်ဧက ၁၀၀၀ စီမံကိန်း၌ စက်ယန္တရားကြီးများ၊ ကျွမ်းကျင်လုပ်သားများနှင့် ပညာရှင်များ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်း၌ ၁၁ ရက်သားရှိ ပုလဲသွယ်စပ်မျိုးစပါး(F1)ပျိုးခင်း၊ တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အမယ်စုံ ၃၅ မျိုးစိုက်ခင်း၊ Green House အတွင်း စိုက်ပျိုးထားသော သစ်ခွမျိုးကွဲများ၊ ပန်းအလှမျိုးစုံနှင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံပင်များ ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေ ၃၆၉ ဧက စိုက်ကွင်းရှိ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား Asia Society အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mrs. Suzanne Di Maggio နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံ အနုပညာ၊ ပြတိုက်နှင့် စာကြည့်တိုက်ဆိုင်ရာ သတင်းနှင့် စာနယ်ဇင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၀

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား နယူးယောက်မြို့ အခြေစိုက် Asia Society အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mrs. Suzanne Di Maggio ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အနုပညာ၊ ပြတိုက်နှင့် စာကြည့်တိုက်ဆိုင်ရာ၊ သတင်းနှင့်စာနယ်ဇင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် နည်းပညာများ ကူညီဆောင်ရွက်ပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးအောင်နိုင်မြင့်တို့ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

ယာဉ်အန္တရာယ်ကင်းဝေးရေး အများပြည်သူကို အသိပေး စည်းကမ်းဖောက်ဖျက်ကျူးလွန်သူများအား အရေးယူမည်

သတင်းဆောင်းပါး - မာမာစိုး(ကြေးမုံ) ❖ သတင်းဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

ပျဉ်းမနားမြို့ အောင်မင်္ဂလာယာဉ်ရပ်နားဝင်း၌ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ စည်ကားလျက်ရှိသည်။ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ၏ စတုတ္ထအကြိမ်မြောက် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲများ ကျင်းပနေခြင်းပင်ဖြစ်သည်။

ဝင်းအတွင်း၌ ပြခန်းများ၊ အရောင်းဆိုင်တန်းများ၊ ကုမ္ပဏီများ၏ အရောင်းပြခန်းများနှင့် အဆိုတော်များ၏ စင်တင်ဖျော်ဖြေမှုများဖြင့် စည်ကားနေသည်။ ထိုပြခန်းများ ခင်းကျင်းပြသနေခြင်းနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ပြောကြားသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးခြင်းတွင် ပြည်သူလူထုကို တိုက်ရိုက်ထိတွေ့၍ ပညာပေးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်အတိုင်း စာသင်ကျောင်းများတွင်လည်း စာသင်ချိန်ပြင်ပ၌ ကျောင်းသား၊ ကျောင်းသူများအတွက် ဆရာကိုင်၊ ကျောင်းသားကိုင်စသည့် စည်းကမ်းလိုက်နာဘေးကင်းကွာ စာအုပ်များ ထုတ်ပေးကာ သင်ကြားပို့ချပေးလျက်ရှိသည်။ ထို့ပြင် ယာဉ်မောင်းများသာမက လမ်းပေါ်တွင်သွားလာနေသည့် ပြည်သူများပါ စည်းကမ်းများ သိရှိလိုက်နာနိုင်ရန် ဟောပြောခြင်းများ၊ အသိပညာပေး ပြပွဲများ ကျင်းပပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်ထိ မော်တော်ယာဉ်အသုံးပြုမှုမှာ ၄၂၃၄၅ စီးရှိပြီး မော်တော်ဆိုင်ကယ်အသုံးပြုမှုမှာ ၁၉၀၈၃၇၄ စီးရှိကြောင်း သိရသည်။ ထို့ကြောင့် မော်တော်ယာဉ်များသာမက မော်တော်ဆိုင်ကယ်စီးသူများအားလည်း ဆိုင်ကယ်စီးရာတွင် ဆိုင်ကယ်ဦးထုပ်များကို မေးသိုင်းကြိုးတပ်ကာ စည်းကမ်းလိုက်နာ၍ စီးနင်းကြရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နေပြည်တော်နယ်မြေအတွင်းတွင် မော်တော်ဆိုင်ကယ် (ကယ်ရီ)များကို လုပ်ငန်းလိုင်စင် တရားဝင်ခွင့်ပြုထုတ်ပေးထားခြင်းမရှိသေးပေ။ ခရီးသွားလုပ်သားပြည်သူများ သွားလာရလွယ်ကူစေရန် ဆိုင်ကယ် (ကယ်ရီ)များကို ခေတ္တခွင့်ပြုပေးထားခြင်းဖြစ်သည်။ ထို့ကြောင့် ဆိုင်ကယ်(ကယ်ရီ)သမားများ အနေဖြင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာမောင်းနှင်ရေး၊ မတော်တဆမှု လုံးဝမဖြစ်စေရေး အထူးအလေးထားဆောင်ရွက်ကြရန် လိုအပ်သည်။

ထို့ပြင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လမ်းဆုံ၊ လမ်းခွများတွင်သာမက ကျေးရွာလမ်းဘေး ဝဲ၊ ယာများတွင်လည်း ယာဉ်မောင်းများ လိုက်နာရန်နှင့် ဆိုင်ကယ်စီးပြည်သူများ လိုက်နာရန်များကို မြေစိုက်ပိုစတာများဖြင့် ပညာပေးဆောင်ရွက်မှုများ ပြုလုပ်နေသော်လည်း နေပြည်တော်အတွင်း ထိုစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မှု အားနည်းနေသေးသောကြောင့် ယာဉ်တိုက်မှုများမှာ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

မဆင်မခြင်မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားခဲ့ပုံကို ပြခန်း၌ ပြသထားစဉ်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကို ၂၀၀၆ ခုနှစ်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်အထိ ယာဉ်တိုက်မှုများ လျော့နည်းသွားခြင်းမရှိဘဲ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ထိုကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပူးပေါင်း၍ အများပြည်သူ စိတ်ဝင်စားမည့် အစီအစဉ်များဖြင့် ပြည်သူများအားလုံး သိရှိစေလိုရန် ရည်ရွယ်၍ ပြပွဲများပြသပေးခြင်းဖြစ်သည်။

အမြန်လမ်းပေါ်တွင် ဆောင်ရန်၊ ရှောင်ရန်ပြကွက်များကို ကျောင်းသားများ လာရောက်ကြည့်ရှုကြစဉ်။

ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီများသည် ပြည်သူအများ ပင်ကိုအသိတရားဖြင့် စည်းကမ်းလိုက်နာသည့် အကျင့်တရားရသည်အထိ စည်းကမ်းလိုက်နာမှု အဆင့်အတန်းမြင့်မားရေးကို ရည်မှန်းချက်ထားရှိပြီး ပညာပေးဆောင်ရွက်ရန်၊ စည်းကမ်းဖောက်ဖျက်မှုများ၊ ယာဉ်တိုက်မှုများ ဖြစ်ပွားမှုမရှိစေရေးအတွက် စဉ်ဆက်မပြတ် စစ်ဆေးအရေးယူပြီး ထိရောက်သော ပြစ်ဒဏ်များ ချမှတ်အရေးယူဆောင်ရွက်ရန်၊ လမ်းအသုံးပြုသူအားလုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သိရှိနားလည်ကြပြီး မြို့တော်အင်္ဂါရပ်နှင့်အညီ တိုးတက်ကောင်းမွန်သော၊ စနစ်ကျသော အခြေအနေသို့ ရောက်ရှိအောင် ရည်မှန်းချက်ထားရှိဆောင်ရွက်ရန်၊ မော်တော်ယာဉ်များ၊ အနှေးယာဉ်များအပါအဝင် သယ်ယူပို့ဆောင်ရေးယာဉ်များ မြို့တော်အင်္ဂါရပ်နှင့်အညီ ကောင်းမွန်ကြံ့ခိုင်တောင့်တင်းရေး၊ သန့်ရှင်းသပ်ရပ်ရေး၊ စနစ်တကျရှိရေးအတွက် ရည်ရွယ်ဆောင်ရွက်သွားရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိရေးအတွက် လိုအပ်သော လမ်းမကြီးများ၊ မီးပွိုင့်များ အစရှိသည်တို့ကို ပြည့်စုံကောင်းမွန်ရေး ရည်ရွယ်ဆောင်ရွက်သွားရန်၊ ယာဉ်အန္တရာယ်လျော့နည်းရေး၊ ယာဉ်တိုက်မှု လုံးဝပပျောက်ရေးအတွက် ရည်မှန်းချက်ထားရှိဆောင်ရွက်ရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ယာဉ်တိုက်မှု လုံးဝပပျောက်ရေးအတွက် မျက်ခြည်မပြတ်ဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိသည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်လည်း ယာဉ်တိုက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ယာဉ်တိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှု၊ ပေါင်းစပ်ဆောင်ရွက်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ လမ်းအန္တရာယ်ကင်းရှင်းရေး သုတေသနလုပ်ငန်း၊ ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူများအား အရေးပေါ်အကူအညီပေးခြင်း၊ ယာဉ်ထိန်းရဲနှင့် စစ်ဆေးအရေးယူမှုလုပ်ငန်း၊ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မော်တော်ယာဉ်၏ စံသတ်မှတ်ချက်များ၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ ယာဉ်မောင်းသူများအား သင်တန်းပေးခြင်းနှင့် စစ်ဆေးခြင်း၊ ကလေးသူငယ်များအား လမ်းအန္တရာယ်ကင်းရှင်းရေး ပညာပေးခြင်း၊ ဘေးအန္တရာယ်ဖြစ်လေ့ရှိသော နေရာများအား ကောင်းမွန်စေရန် ပြုပြင်မွမ်းမံခြင်း၊ ဘေးအန္တရာယ်ကင်းစေသည့် လမ်းများစီမံဆောင်ရွက်ခြင်းနှင့် ဒီဇိုင်းရေးဆွဲခြင်း၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ဘဏ္ဍာငွေရှာဖွေခြင်း စသည့်အချက်များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား ဖောက်ဖျက်ကျူးလွန်ပါက နေပြည်တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ(၂၆) အရ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြင့် ဖြစ်စေ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ။

မြန်မာတို့၏ သဒ္ဓါလှိုင်းဂယက်များ

မောင်ချစ်အေး

“ချစ်သား-ကုသိုလ်ဟူသည် ကုသိုလ်စိတ်ဖြစ်ရုံမျှနှင့်ပင် အကျိုးကြီးမားလှ၏” ဟု မြတ်စွာဘုရား မိန့်ကြားခဲ့ပါသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံသို့ ၄၈ ရက်တာ ဒေသစာရီကြွချီခဲ့ပြီး မန္တလေးမြို့ တံတားဦးလေဆိပ်မှ မြန်မာ စံတော်ချိန် ၁၀း၄၅ နာရီတွင် လေကြောင်းနှင့် ပြန်လည် စတင်ပင့်ဆောင်ခဲ့ပါသည်။ တရုတ်နိုင်ငံ ပေကျင်းလေဆိပ်သို့ ဒေသစံတော်ချိန် ၁၆း၄၅ နာရီတွင် အောင်မြင်ချောမောစွာ ဆိုက်ရောက်ခဲ့သည်။ တရုတ် ဗုဒ္ဓဘာသာအသင်းနာယက ဆရာတော်ကြီးနှင့် သာသနာရေးဆိုင်ရာ ဝန်ကြီး၊ ရဟန်း၊ သီလရှင်များ၊ မြန်မာသံရုံးမှ မိသားစုများက ချမ်းအေးလှသည့် ဥတုကိုအန်တုလျက် ကြည်ညိုသဒ္ဓါပွား ကြိုဆိုခဲ့ကြသည်။ ယခုအခါ လင်ကွမ်းစံကျောင်းတော်တွင် ဗုဒ္ဓမြတ်စွယ်တော် ပြန်လည်ကိန်းဝပ်သီတင်းသုံးစံပယ်လျက်ရှိပါသည်။

မြန်မာတို့၏ သဒ္ဓါလှိုင်းဂယက်တို့မှာ ၄၈ ရက်တာအတွင်း ကြီးမားစွာ ရိုက်ခတ်ခဲ့ကြသည်။ ဗုဒ္ဓမြတ်စွယ်တော်အား သက်တော်ထင်ရှားမြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဒေသစာရီကြွလာသည့်အလား မြန်မာပြည်သူတို့ အလေးထားပူဇော်ကြသည်။ လူဦးရေ သန်း ၆၀ ခန့်အနက် သန်း ၃၀ ကျော် လာရောက်ဖူးမြော်ကြသည်။ ဗုဒ္ဓါနုဿတိပွားကြသည်။ ပျမ်းမျှအားဖြင့် တစ်ရက်လျှင် လူတစ်သိန်းနီးပါးခန့် ဖူးမြော်ကြည်ညိုခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။

ဒါနအရာတွင်လည်း ၄၈ ရက်တာအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၂၂၄ သန်းနှင့်ညီမျှသော မြန်မာငွေကျပ်သန်း ၃၀၀၀ ကျော်နှင့် ရွှေငွေရတနာ၊ လက်ဝတ်တန်ဆာမျိုးစုံကို ရက်ရောစွာလှူဒါန်းခဲ့ကြသည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ၁၆ ရက်တာစီ အပူဇော်ခံခဲ့ရာ မြန်မာပြည်သူတို့သည် တစ်ဦးလျှင် ငါးစက္ကန့်မျှ အလှည့်ကျပူဇော်နိုင်ရေး ငါးနာရီကြာမျှ ကုသိုလ်ဖွဲ့စိတ်သန်သန်ဖြင့် တန်းစီစောင့်ဆိုင်းခဲ့ကြသည်။ တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင်တို့ပိုင်ဆိုင်သော ဗုဒ္ဓမြတ်စွယ်တော်အဖြစ် အလေးထားကာ လုံခြုံရေးရှုထောင့်မှ ညဘက်တွင် ခေတ္တပိတ်ခဲ့ရသော်လည်း တစ်ညလုံး အားခဲစောင့်ဆိုင်းနေသူများ၏ ကုသိုလ်စိတ်၊ ကြည်ညိုစိတ်မှာ အံ့မခန်းရှိလှပါသည်။ ယူနန်ပြည်နယ် ယဉ်ကျေးမှုဌာနမှ ထုတ်ဝေသော မင်္ဂလာစာစောင်တွင် တရုတ်နိုင်ငံမှ သတင်းထောက်တို့က ဖော်ပြထားသည်မှာ “ဘုရားဖူးပြည်သူတို့သည် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုနေကြသည့် မျက်နှာအရိပ်အကဲတို့တွင် ဖူးမြော်၍ မဝနိုင် မရောင့်ရဲနိုင်သော အရိပ်အယောင်များ ကိုယ်စီတွေ့မြင်နေကြရသည်” ဟု ပါရှိသည်။

မြန်မာတို့၏ ကုသိုလ်စိတ် မည်မျှထက်သန်သည်ကို ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ပြည်သူတစ်သိန်းခန့် လာရောက်ကြည်ညိုကြပြီး တစ်ဦးလျှင် ငွေကျပ် တစ်သိန်းခန့် လှူဒါန်းနိုင်ခဲ့သည်ဟု စာရင်းမှတ်တမ်းများအရ ဆိုနိုင်ပါသည်။

ထူးခြားသော ကုသိုလ်စိတ်ပိုင်ရှင်တစ်ဦး၏ သတင်းစကားကိုလည်း မုဒိတာပွားရပါသည်။ စွယ်တော်တိုက်တရုတ်ဆရာတော် သဒ္ဓမ္မဇောတိက Shi Chang Zang ကြီးမှ လင်ကွမ်းရုပ်ပွားတော်ကို ကျောက်စိမ်းတုံးနှင့် ထုလုပ်ကိုးကွယ်လို၍ ကျောက်ကုန်သည်များထံ လိုက်လံကြည့်ရှုစုံစမ်းခဲ့ရာ သဒ္ဓါထက်သန်သူ ဇောတိက ကျောက်ကုန်သည်တစ်ဦးက ဒေါ်လာ နှစ်သန်းတန် ကျောက်စိမ်းတုံးကို သဒ္ဓါထက်သန်စွာ ပေးလှူခဲ့ခြင်းပင် ဖြစ်ပါသည်။ မြန်မာတို့၏ သဒ္ဓါလှိုင်းဂယက်မှာ တရုတ်ပြည်သူများအကြား သာဓုအကြိမ်ကြိမ် ခေါ်ဆိုရသည်အထိ ရိုက်ခတ်ခဲ့ကြောင်း ကြားသိရပါသည်။

ဗုဒ္ဓမြတ်စွယ်တော် မန္တလေးမြို့ မဟာအတုလဝေယံကျောင်းတော်ကြီးမှ တံတားဦးလေဆိပ်သို့ ပင့်ဆောင်ရာ လမ်းတစ်လျှောက် ပြည်သူတို့၏ ဝပ်တွားပူဇော်ကြသည့် ဘာသာတရားကိုင်းရှိုင်းမှုများကိုလည်း တရုတ်ဘုန်းတော်ကြီးများ သာသနာရေးဗျူရိုမှ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက တဖွဖွ ချီးကျူးထောမနာပြုကြသည်။

ပေကျင်းလေဆိပ်တွင် တရုတ်ဗုဒ္ဓဘာသာအသင်းနာယက ဆရာတော်ကြီး Master Chan Yin၊ သာသနာရေးဝန်ကြီး Mr. Wang Zuoan၊ တရုတ်ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ဗုဒ္ဓဘာသာဝင်ပြည်သူများ၊ မြန်မာသံရုံးမှ မိသားစုများက ချမ်းအေးလှသည့်ဥတုကိုအန်တု၍ ကုသိုလ်စိတ်သဒ္ဓါထက်သန်စွာဖြင့် ကြိုဆိုခဲ့ကြသည်။ ပေကျင်းလေဆိပ် ဧည့်ခန်းမတွင် ဗုဒ္ဓမြတ်စွယ်တော် ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို တရုတ်-မြန်မာနှစ်နိုင်ငံ သာသနာရေးဝန်ကြီးများ လက်မှတ်ရေးထိုး စနစ်တကျ လွှဲပြောင်းပေးခဲ့ကြသည်။

တရုတ်နိုင်ငံ သံဃနာယက ဆရာတော်ကြီး Chan Yin သည် မြန်မာပြည်သူတို့၏ သဒ္ဓါတရားနှင့် ဘာသာတရားကိုင်းရှိုင်းမှုများကို အထူးထုတ်ဖော်ချီးကျူးခဲ့သည်။ စွယ်တော်တိုက်ဆရာတော်နှင့် လော့ယန်ဆရာတော်တို့ကလည်း မြန်မာနိုင်ငံတော်အစိုးရနှင့် ရဟန်း ပြည်သူတို့ ဗုဒ္ဓသာသနာအဓွန့်ရှည်တည်တံ့ထွန်းကားပြန့်ပွားအောင် သဒ္ဓါတူညီစွာ ကြိုးပမ်းနေကြပုံများကို ၎င်းတို့၏ တပည့်သံဃာများအား ဖောက်သည်ချရှင်းပြကြသည်။ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ Mr. Du Qingling ကလည်း မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ သဒ္ဓါတရားထက်သန်မှုကို အံ့မခန်းဖြစ်ရကြောင်း၊ မြန်မာပြည်သို့ ဗုဒ္ဓမြတ်စွယ်တော် လေးကြိမ်တိုင်တိုင် ကြွချီသည်မှာ ရှေးရေစက်တို့ကြောင့်ဖြစ်ကြောင်း အလေးထားပြောကြားခဲ့ပါသည်။

တရုတ်နှင့် မြန်မာတို့အကြားတွင် ဗုဒ္ဓမြတ်စွယ်တော်ကို အကြောင်းပြု၍ အပြန်အလှန်ချစ်ကြည်လေးစားမှု၊ ချစ်ခင်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို အလေးအနက်ဖော်ညွှန်းပြဆိုခဲ့ခြင်းဖြစ်ပါသည်။ စင်စစ်အားဖြင့် မြန်မာတို့၏ ထက်သန်သော လှိုင်းဂယက်သဒ္ဓါတရားတို့က ကမ္ဘာကို လွှမ်းခြုံရိုက်ခတ်ခဲ့ပြီဖြစ်ပါသည်။ “ကုသိုလ်စိတ်ဖြစ်ရုံမျှနှင့်ပင် အကျိုးကြီးမားလှ၏” ဟု မြတ်စွာဘုရားရှင်၏ အဆိုအမိန့်အတိုင်း နိုင်ငံတော်အစိုးရနှင့် ရဟန်းရှင်လူပြည်သူတို့၏ သဒ္ဓါလှိုင်းနှင့် ပြည့်နှက်နေသော ကုသိုလ်စိတ်တို့၏ အကျိုးပေးကို ပြည်သူတိုင်း မျှဝေခံစားနိုင်ကြပါစေဟု ဆုတောင်းဆန္ဒပြုအပ်ပါသည်။ ။

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း တစ်နှစ် ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်ပေးနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၁၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်၌ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၏ ရေသွယ်ဥမင်လိုဏ်အတွင်း ကွန်ကရစ်လိုင်နင်သွန်းလောင်းပြီးစီးမှု၊ Steel လိုင်နင်တပ်ဆင်နေမှု၊ ဆွဲဒ်ယာဒ်တည်ဆောက်မည့်နေရာနှင့် မြေကြီးကျောက်သားရှင်းလင်းထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ စီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် မဂ္ဂါဝပ် ၂၀ ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်းစက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၄၀ ရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၂၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ပင်လယ်ဆားငန်ရေ လွှမ်းမိုးခံခဲ့ရပြီး ဆား၊ ရေနံနှင့် အဏုမြူဓာတ်ရောင်ခြည်လှိုင်းတို့ဖြင့် ညစ်ညမ်းခဲ့ရသော လယ်ယာမြေများကို ပြန်လည်ထူထောင်နိုင်ရန် စက်ရုပ်လယ်သမားများကို အသုံးပြုမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

“အိုင်မက်စီမံကိန်း” ဟု အမည်ပေးထားသော စီမံကိန်းအရ လယ်ယာလုပ်ငန်းခွင်၌ စက်ရုပ်များ သုံးစွဲမှုကို စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

မီယာဂီပြည်နယ်ရှိ လယ်ယာမြေများကို ပြန်လည်ထူထောင်ရာတွင် စိုက်ပျိုးရေးလုပ်သားများအဖြစ် စက်ရုပ်များကို တာဝန်ယူစေမည်ဖြစ်သည်။

ဆန်စပါး၊ ဂျုံ၊ ပဲပိစပ်၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသော ခြံများတွင် စက်ရုပ်များကို အသုံးပြုကာ စိုက်ပျိုးထုတ်လုပ်သွားရန် စီမံကိန်းချမှတ်ထားသည်။

ဟက်တာ ၂၅၀(ဧက ၆၀၀) အကျယ်အဝန်းရှိ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုသော စက်ကိရိယာများမှ ပေါ်ထွက်လာသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စိုက်ခင်းများသို့ ပေးပို့ကာ ဓာတုဗေဒဓာတ်မြေသြဇာ အသုံးပြုမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း နီကေးသတင်းစာက ရေးသားဖော်ပြသည်။

အင်တာနက်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ဓမ္မနုဂ္ဂဟဓမ္မကဌာ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၂၀ ၈။ “စွမ်းအင်ဆိုင်ရာလုပ်ငန်းများ”
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄း၁၅ ၃။ “သဘာဝပတ်ဝန်းကျင်နှင့်ကြွပ်ကြွပ်အိတ်”
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ သီချင်းကြီးပဒေသာ
- ၅း၀၀ ၇။ “ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့် မြန်မာ့အသံခေတ်ပေါ် တေးဂီတ ပူးပေါင်း ဖျော်ဖြေတင်ဆက်မှု အစီအစဉ်”
- ၅း၂၅ ၈။ “ကောင်းခြင်းဝေဖြာ”
- ၅း၄၀ ၉။ တေးဂီတအစီအစဉ်
- ၅း၅၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၃၀ ၁၄။ ရွှေရင်ခုန်သံ
- ၇း၀၀ ၁၅။ (၂၀၁၀)ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား
- ၇း၃၀ ၁၆။ စန္ဒရားကွန်းဇော်၏ တေးဂီတ တင်ဆက်မှုအစီအစဉ် (အပိုင်း-၃)
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
  - ၁၈။ နိုင်ငံတကာသတင်းများ
  - ၁၉။ မိုးလေဝသအခြေအနေ
  - ၂၀။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
  - ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ဆုံး” (အပိုင်း-၂၃)
  - ၂၂။ ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (မူလတန်းအဆင့်)
  - ၂၃။ အစီအစဉ်ပြီး၏

အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများ ပေးအပ်

ကျောက်ဖြူ ဇန်နဝါရီ ၁၀

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရန်လင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်သင်းသင်းစိန်က အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ ဖြန့်ဝေခြင်းနှင့် သုံးစွဲနည်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အရေးပေါ်သုံး ဆေးသေတ္တာများကို ကျေးရွာအုပ်စု ၁၈ အုပ်စုမှ ကျေးရွာပေါင်း ၅၀ သို့ ဖြန့်ဝေပေးခဲ့သည်။ **(အောက်ပုံ)** (ကြေးမုံ)

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ (၁/၂၀၁၂)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသေးစားငွေရေးကြေးရေးလုပ်ငန်းများ အဆင့်လေးဆင့်ဖော်ဆောင်နိုင်

နေပြည်တော် ဇန်နဝါရီ ၁၀

ကျေးလက်ဒေသနေ ပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ကျစေရေးအတွက် ငွေရေးကြေးရေးဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်းသည် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ ငွေရေးကြေးရေးဝန်ဆောင်မှုများပေးရန်အတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းကို တည်ထောင်လုပ်ကိုင်ခွင့်ပြုခြင်းအားဖြင့် ကျေးလက်ဒေသနေ ဆင်းရဲသူများကိုသာမက မြို့ပြနေအခြေခံလူတန်းစားများကိုပါ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းဖြင့် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ (၁/၂၀၁၂)ကြိမ်မြောက် အစည်းအဝေးတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေတွင် ဝင်ငွေနည်းပါးသည့် အခြေခံလူတန်းစားများအတွက် အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို ဘဏ်များ၊ သမဝါယမအသင်းများ၊ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ၎င်းတို့ရွေးချယ်သည့် ဒေသအချို့၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါအခွင့်အလမ်းများကို ဒေသအားလုံးမရရှိသေးသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအတွင်း အသေးစားငွေရေးကြေးရေးလုပ်ငန်း တစ်ခုလုံးကို စနစ်တကျ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပြီး ကြီးကြပ်ဆောင်ရွက်နိုင်သည့် စနစ်တစ်ရပ် မရှိသေးသည့်အတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများသည် မိမိတို့၏ ကိုယ်ပိုင်အစီအစဉ်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်နည်းလုပ်ဟန်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီအနေဖြင့် လုပ်ငန်းများကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် အဆင့်လေးဆင့်ခွဲပြီး ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ပထမအဆင့်တွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပြဋ္ဌာန်းနိုင်ရန်၊ ဒုတိယအဆင့်တွင် ကြီးကြပ်မှုကော်မတီဖွဲ့စည်းသွားရန်၊ တတိယအဆင့်တွင် လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရာ၌ ပိုမိုပီပြင်စွာ ဆောင်ရွက်နိုင်ရန် မြန်မာ့အသေးစားချေးငွေလုပ်ငန်းကို မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းအဖြစ် ပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားရန်နှင့် စတုတ္ထအဆင့်အနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို စနစ်တကျ ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ယခုအခါ အဆိုပါအဆင့်လေးဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် စတုတ္ထအဆင့် စနစ်တကျကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ကော်မတီဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး ကော်မတီအတွင်းရေးမှူး မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းက လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီတို့မှ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက Microfinance လုပ်ငန်းများကို ဒေသအနှံ့အပြားတွင် မိမိတို့ ကိုယ်ပိုင်အစီအစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် ကော်မတီအနေဖြင့် ပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးကိုသာမက အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကိုပါ အထောက်အကူပြုသည့် ငွေရေးကြေးရေးလုပ်ငန်းများ စနစ်တကျ ပေါ်ပေါက်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ထွန်းမြရတနာလမ်း (ကြည့်ကန်-အောင်သုခ - ထန်းရင်းကုန်း-ပျားသံကိုင်း-သနပ်ရင်းလမ်း) အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြိုင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် တောင်သူလယ်သမားများအတွက် သဘာဝဓာတ်မြေဩဇာအိတ် ၂၀၀ လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၀

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ဇန်နဝါရီ ၉ ရက်တွင် မြိုင်မြို့နယ် ဆူးဝင်းကျေးရွာ၌ကျင်းပသည့် ရတနာဝင်းစာကြည့်တိုက်ဖွင့်ပွဲနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆိုင်းဘုတ်များကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုပြီး စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနေကြသူများအား နှုတ်ဆက်အားပေးကာ ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်း လှည့်လည်ကြည့်ရှုသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် စေတနာရှင်များက ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ဆေးပဒေသာပင်အလှူငွေနှင့် စာကြည့်တိုက်အတွက် စာကြည့်တိုက်ရန်ပုံငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝယ်တောင်(တောင်)ကျေးရွာ၌ ကျင်းပသည့် ကျေးလက်ကျန်းမာရေးဌာန ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆေးပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဗဟင်းကျေးရွာသို့ သွားရောက်ပြီး နွေစပါးထွန်ယက်ပွဲနှင့် ဓာတ်မြေဩဇာကြဲပက်ပွဲသို့ တက်ရောက်၍ တောင်သူလယ်သမားများ အတွက် သဘာဝဓာတ်မြေဩဇာအိတ် ၂၀၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟင်းကျေးရွာနှင့် အောင်သုခကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ အောင်ချက်မြင့်မားရေးနှင့် အရည်အချင်းပြည့်မီစွာ အောင်မြင်ရေး တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေများနှင့် ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ထန်းရင်းကုန်းကျေးရွာသို့ သွားရောက်ပြီး ထွန်းမြရတနာလမ်း (ကြည့်ကန်-အောင်သုခ-ထန်းရင်းကုန်း-ပျားသံကိုင်း-သနပ်ရင်းလမ်း)၊ ထန်းရင်းကုန်း-ပျားသံကိုင်းလမ်းပိုင်း ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူးယစ်ကိုပစ်ပန်းတိုင်သစ်စိတ်သစ်လူသစ်ဘဝသစ်

ဖြူစင်သောစိတ်ထား

မြန်မာ

ကမ္ဘာတွင် မြန်မာသည် ထင်ရှားသောတိုင်းပြည်တစ်ပြည်ဖြစ်ပါ၏။ ရိုးသားသော မြန်မာ၊ ဘာသာသာသနာထွန်းကားသော မြန်မာ၊ သူတစ်ဖက်သားအား ကူညီတတ်သော မြန်မာ၊ သန့်ရှင်းဖြူစင်သော စိတ်ထားပြည့်ဝသည့် မြန်မာ စသည်ဖြင့်. . .။ မြင့်မားသောဂုဏ်ဒြပ်၊ သိက္ခာရှိသောတိုင်းပြည်၊ သတ္တိနှင့် ပြည့်စုံသောလူမျိုး၊ မှန်ရာကို ရဲရဲဝံ့ဝံ့ လုပ်တတ်ပြီး မှားလျှင်လည်း ရိုးရိုးသားသား ဝန်ခံတတ်သောလူမျိုးဖြစ်ပေသည်။

သို့သော်. . .။ ၁-၁-၂၀၁၂ နေ့ထုတ် ကြေးမုံသတင်းစာတွင် ပါရှိသည့် အောက်ပါသတင်းကို ဖတ်ကြည့်စေချင်သည်။

"ယာဉ်တိုက်မှုကျူးလွန်ပြီး ဆေးရုံသို့ အချိန်မီ ပို့ဆောင်ပေးခြင်းမရှိဘဲ လူရှင်းသည့်နေရာတွင် သွားရောက်စွန့်ပစ်ထားမှုအား အမှုဖွင့်အရေးယူ"

ရန်ကုန် ဒီဇင်ဘာ ၃၁

ပင်စင်လာရောက်ထုတ်ယူသူ အသက် (၇၂)နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးကို မော်တော်ယာဉ်နှင့်တိုက်ခဲ့ပြီး ဆေးရုံသို့ အချိန်မီပို့ဆောင်ပေးခဲ့ခြင်းမရှိဘဲ လူအသွားအလာရှင်းလင်းသည့် ရွှေပြည်သာစက်မှုဇုန်ဘက်တွင် သွားရောက်စွန့်ပစ်ခဲ့မှုအား လှိုင်မြို့နယ် ပိတောက်ချောင်းရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်-တဲ့။

ဖြစ်စဉ်အကျဉ်း

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် လှိုင်မြို့နယ်ရှိ ဂုန်လျှော်စက်ရုံတွင် ပင်စင်လစာလာရောက်ထုတ်ယူသူ ဦးကြည် အသက်(၇၂)နှစ်သည် ပင်စင်ထုတ်ယူအပြီး တစ်ဖက်ယာဉ်ကြောသို့ လမ်းဖြတ်ကူးနေစဉ် ပြိုင်မောင်းကျော်တက်လာသည့် ယာဉ်လိုင်း ၂၂၇ မှ (၅ခ/. . .)ခရီးသည်တင်ယာဉ်က ဝင်ရောက်တိုက်မိခဲ့သည်။ အဆိုပါခရီးသည်တင်ယာဉ်က ယာဉ်တိုက်ခံရသူဦးကြည်အား ယာဉ်ပေါ်သို့ တင်ဆောင်သွားပြီး ဘုရင့်နောင်လမ်းဆုံ မှတ်တိုင်သို့အရောက်တွင် လူနာအား ဆေးရုံသို့ပို့မည်ဟုဆိုကာ ယာဉ်ပေါ်ပါခရီးသည်များအား ယာဉ်ပေါ်မှ ဆင်းခိုင်းခဲ့သည်။ ဆက်လက်၍အဆိုပါ ခရီးသည်တင်ယာဉ်သည် ယာဉ်တိုက်ခံရသူအား ဆေးရုံသို့ပို့ဆောင်ခြင်းမရှိဘဲ ရွှေပြည်သာစက်ရုံဘက်သို့ မောင်းသွားကာ လူအသွားအလာရှင်းလင်းသည့်နေရာတွင် စွန့်ပစ်ထားခဲ့သည်။

တာဝန်သိပြည်သူများ

မျက်မြင်သက်သေများ၊ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုကြောင့် အဆိုပါယာဉ်အား မှတ်သားလိုက်နိုင်ကြပြီး သက်ဆိုင်ရာသို့ အကြောင်းကြားနိုင်ခဲ့သည်။

ပိုင်ရှင်မဲ့အလောင်း

ယာဉ်တိုက်ခံရသူ၏ မိသားစုဝင်များက မွန်းလွဲ ၁ နာရီခန့်အထိ အိမ်ပြန်မရောက်သောကြောင့် ဂုန်လျှော်စက်ရုံသို့ စုံစမ်းကြည့်ရာတွင် ပင်စင်လစာထုတ်ယူသွားခဲ့ပြီးဖြစ်ကြောင်းနှင့် နံနက်ပိုင်းက လူတစ်ယောက်ယာဉ်တိုက်မှုဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိရာမှ ဆက်လက်စုံစမ်းကြည့်ရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနတွင် ပိုင်ရှင်မဲ့အလောင်းရောက်ရှိကြောင်း သိရသည်။ သွားရောက်စုံစမ်းခဲ့ရာမှ ပင်စင်လစာသွားရောက်ထုတ်ယူသူ ဦးကြည် အသက် (၇၂)နှစ်ဖြစ်နေကြောင်း ကာယကံရှင် မိသားစုက သိခဲ့ရသည်။ ကွယ်လွန်သူတွင် ပင်စင်လစာအပါအဝင် ငွေကျပ် ၈၈၅၀၀၊ တစ်ကျပ်သား လက်စွပ်တစ်ကွင်းနှင့် မှတ်ပုံတင်များ ပါရှိသွားခဲ့ကြောင်း သိရသည်။

ရေတောင်းသောက်ခြင်း

ဦးကြည်သည် ယာဉ်တိုက်ခံရစဉ်က အသက်သေဆုံးခြင်းမရှိသေးဘဲ ရေတောင်းသောက်ခြင်း၊ ဆေးရုံသို့ ပို့ခိုင်းခြင်းများကို ပြောဆိုခဲ့ကြောင်း အဆိုပါယာဉ်ပေါ်တွင်လိုက်ပါစီးနင်းခဲ့သူ ဂုန်လျှော်စက်ရုံဝန်ထမ်းတစ်ဦးက ပြောကြားသည်။

အရေးယူနိုင်ရေး

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ပိတောက်ချောင်းရဲစခန်းမှ(ပ)၅၃၉/ ၂၀၁၁/ ပြစ်မှုပုဒ်မ ၂၇၉၊ ၃၀၄(က)၊ ၂၀၁/၂၀၂ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ မထသ(ဗဟို)သို့လည်း ရောက်ရှိနေကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသော ယာဉ်မောင်းအား အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိစ္စမြားမြောင် လူတို့ဘောင်

ကိစ္စမြားမြောင်လူတို့ဘောင်ဝယ် ယခုကဲ့သို့အမှုဖြစ်စဉ်မျိုး မကြာခဏဖြစ်တတ်ကြုံတတ်သည်။ မော်တော်ယာဉ်တိုက်မှုသည် မတော်တဆဖြစ်မှုတွင် အကျုံးဝင်သည်။ တမင်တကာရည်ရွယ်ချက်ဖြင့် လူကိုသေစေသော ပြစ်မှုမဟုတ်ပါ။ ဥပဒေနှင့်အညီဖြေရှင်းနိုင်ပါသည်။ နှစ်ဖက်တင်ပြချက်ကို တရားရုံးက စဉ်းစားသုံးသပ်ဆုံးဖြတ်ပေလိမ့်မည်။

ဥပဒေအရိပ်ကိုခို

တရားဥပဒေဘောင်အတွင်းဆောင်ရွက်ခြင်း ဘေးကင်းရန်ကွာ ငြိမ်းချမ်းစွာဟူသကဲ့သို့ ပြစ်မှုဖြစ်ပွားလာလျှင် ဥပဒေနှင့်အညီသာ ဖြေရှင်းသင့်ပါသည်။ ဥပဒေရိပ်ကိုခိုမှ အေးချမ်းကြပါလိမ့်မည်။ ရာဇဝတ်ဘေး ပြေးမလွတ်ပါ။ ကိုယ့်ကိုယ်ကိုယ်ဖျက် ကိုယ်လျှင်ပျက်တတ်ပါသည်။ ကိုယ့်စေတနာ ကိုယ်အကျိုးပေးပါလိမ့်မည်။ ကိုယ့်တရားကိုယ် စီရင်တတ်ပါသည်။ "ကြီးသည့်အမှု ငယ်စေ၊ ငယ်သည့်အမှု ပပျောက်စေ" ဖြစ်ရမည့်အစား "ကြီးသည့်အမှု ပို၍ကြီးစေ၊ ငယ်သည့်အမှု ပိုလေးစေ" လျှင် ဥပဒေနှင့် ပိုဝေးနေမည်သာ။

ဖြူစင်သောစိတ်ထား

အလားတူအမှုများဖြစ်ပွားခဲ့သော်. . .။

ဖြူစင်သောစိတ်ထားဖြင့် ဒဏ်ရာရသူအား ဆေးရုံသို့အမြန်ပို့ခြင်း၊ အားပေးခြင်း၊ ကူညီခြင်း စသည့် မြန်မာ့စိတ်ထားပီသစွာ စေတနာ၊ ကရုဏာပြသခြင်းများဖြင့် ကိုယ့်အပြစ် ကိုယ်ဝန်ခံရုံသာမက တရားမျှတသည့် တရားဥပဒေ၏ အဆုံးအမကို ရဲဝံ့ရိုးသားစွာ ခံယူသင့်သည်မှာ နိုင်ငံသားကောင်းတစ်ယောက်ပါ။ အထက်ပါအမှုကို ဝေဖန်ခြင်းမဟုတ်၊ နမူနာပြယုဂ်အဖြစ် တင်စားခြင်းသာ။

တရားက ပြန်၍စောင့်သည်

ကျွန်ုပ် ဖတ်ရှုမှတ်သားထားသော အောက်ပါစာစုဖြင့် နိဂုံးချုပ်ရပါလျှင်

"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ"

(တရားစောင့်သောသူကို တရားက ပြန်၍စောင့်သည်) ဟူ၍ဖြစ်သည်။

ဦးဟန်ညွန့်(ဥပဒေ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ တို့ တွေ့ဆုံဆွေးနွေး

တွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်ခန်းမဆောင်(၆၂)၌ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့သည် ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်ခန်းမဆောင်(၆၂)၌ တွေ့ဆုံသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn ဦးဆောင်သော ထိုင်းတပ်မတော်အရာရှိကြီးများနှင့် နံနက် ၉ နာရီတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်ခန်းမဆောင်(၆၃)၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းဆွေးနွေးပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံ နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးပြဿနာများ၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ ပူးပေါင်းဖြေရှင်းနိုင်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်အတွင်း ရောက်ရှိနေသော တပ်စခန်းများကိုစွာအား ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်မြစ်ကြောင်းတစ်လျှောက် မြေထိန်းနံရံများ ပြုလုပ်နေသည့်ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အပြန်အလှန်လည်ပတ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုအတွက် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(ရွှေဘို-စပါယ်နံ့သာလမ်းအပိုင်း) ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေ လမ်းဘေးဝဲယာတွင် ရေနုတ်မြောင်းများဖောက်လုပ်ပေးရန်မှာကြား

နေပြည်တော် ဇန်နဝါရီ ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် ရွှေဘို-မြစ်ကြီးနားလမ်း (ရွှေဘို-စပါယ်နံ့သာလမ်းအပိုင်း)အား အဖွဲ့သုံးဖွဲ့ဖြစ်သည့် ရွှေဘိုခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)နှင့် အထူးစီမံကိန်းကြီးအဖွဲ့(၁)တို့ဖြင့် အပိုင်းသုံးပိုင်းခွဲ၍ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ဆက်လက်၍ မိုင်တိုင်အမှတ် (၁၇/၁)နှင့် (၁၇/၂)ကြား၌ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)က လမ်းကြိတ်စက်ဖြင့် လမ်းခင်းကြိတ်နေမှု၊ မိုင်တိုင်အမှတ်(၁၈/၂)နှင့် (၁၈/၃)ကြား၌ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၁၈/၇)နှင့် (၁၉/၀)ကြား လမ်းဘေးဝဲယာ၌ မြေတူးကော်တင်စက်ဖြင့် ရေနုတ်မြောင်းများ တူးဖော်ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အထူးစီမံကိန်းကြီးအဖွဲ့(၁)၏ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ကျောက်ခင်းပြီး ကတ္တရာဖျန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကတ္တရာများကို အလေအလွင့်မရှိအောင် စနစ်တကျအသုံးပြုရန်၊ ကတ္တရာခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လမ်းခင်းရာတွင် အသုံးပြုသည့် ကျောက်အရွယ်အစားနှင့် အမျိုးအစား မှန်ကန်စေရန်၊ လမ်းဘေးဝဲယာတွင် ရေနုတ်မြောင်းများဖောက်လုပ်ပေးရန်နှင့် ရေစီးဆင်းမှုကောင်းမွန်စေရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ "ဒုက္ခကိုသိအောင်လုပ်" တရားတော် (ချောင်းဦး ဆရာတော်ဒေါက်တာ အရှင်ကိတ္တိသာရ)
- ၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၈၃)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၆)**
- ၈:၄၅ Four FLAVOURS Show (Part-2)
- ၉:၃၀ ရန်ကုန်မြင်ကွင်းကျယ်
- ၉:၄၀ တွဲဖက် အထကနှင့် အထက တော်လတီ၏ မြတ်ဆရာပူဇော်ပွဲ
- ၉:၅၅ Activities in The City
- ၁၀:၁၀ သဘာဝကျလှပစေတဲ့ C'CARE
- ၁၀:၂၅ ဓာတ်ပုံထဲမှအမှတ်တရများ
- ၁၀:၅၀ စိတ်အေးချမ်းသာ. . . ပြုံးပျော်စေဖို့ရာ. . . SMILE FIRE EXTINGUISHER
- ၁၁:၀၅ Activities in The City
- ၁၁:၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၁)**
- ၁၂:၀၀ အရှက်ဦးမှ အလှဆင်စရာ ခန်းဆီးလိုက်ကာများ
- ၁၂:၁၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၂:၂၅ သင်ကြားရေးလမ်းညွှန်
- ၁၂:၄၀ ကြည်ညိုထိုက်စွာမြတ်ဆရာ
- ၁:၀၀ "ဒုက္ခကိုသိအောင်လုပ်" တရားတော် (ချောင်းဦး ဆရာတော်ဒေါက်တာ အရှင်ကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၂:၃၅ ထူးချွန်သူများပေါ် ထွန်းခဲ့ရာ အထက(၂)လသာ
- ၂:၅၀ Activities in The City
- ၂:၅၅ New Fashion Desinger Group ရဲ့ပညာဒါနဖြန့်ဝေပေးမှု
- ၃:၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၃)**
- ၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၆)**
- ၄:၅၀ စပါးအထွက်တိုးခြင်းအစ ပျိုးပင်ကောင်းမှ
- ၅:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၁)**
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၄)**
- ၇:၁၀ Four FLAVOURS Show (Part-3)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ရန်ကုန်မြင်ကွင်းကျယ်
- ၈:၄၀ Cartoon Show Time
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၇)**
- ၁၀:၁၅ Celebrity Style
- ၁၀:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၂)**
- ၁၁:၀၅ **အသံတိတ်အိပ်မက်ဆိုး** (မေသန်းနု၊ ချစ်သုဝေ၊ ဂျင်းနီ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၁:၄၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
- ၁၂:၁၀ World of Knowledge
- ၁:၀၀ ဘဝအမောပြေပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့
- ၁:၁၅ ပဒုမ္မာကြာနွယ်ရိုးမှသည်. . .
- ၁:၃၅ ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါ အန္တရာယ် (ပါမောက္ခဦးမြသော်)
- ၁:၄၅ သဘာဝအလှရတနာသစ်ခွကမ္ဘာ
- ၁:၅၅ စက္ကူရွက်ဝေရှမ်းထီးသက်သေ
- ၂:၀၀ Barclays Premier League (Spurs Vs Everton)
- ၄:၁၀ လှုပ်ရှားမှုစုံစုံမြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၂)
- ၄:၄၀ ဇီးအိုရှာနှင့် သဘာဝအင်ကြင်းတော
- ၄:၅၀ မြစ်သားမြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး
- ၅:၀၀ အစီအစဉ်ပြီး။

ထူးခြားသည့် ညအပူချိန်များ

၁၀-၁-၂၀၁၂

ပဲဟိုးနှင့် ဟားခါး ၄ ဒီဂရီစင်တီဂရိတ်စီ

ပင်လောင်း ၅ ဒီဂရီစင်တီဂရိတ်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီခွဲတွင် ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍ အခြေအနေ၊ နှစ်ရှည်သီးနှံ၊ ရော်ဘာ၊ ဆီအုန်းစိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လမ်းတံတား ဆက်သွယ်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဥပဒေချုပ်တို့က တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးတို့အတွက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကျေးလက်လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်အောင်မြင်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဝမ်းစာဖူလုံရေး၊ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး၊ လမ်းတံတား ဆက်သွယ်မှုကောင်းမွန်ရေးတို့အတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဖခင်ကြီး ဦးတင်လှအား ရည်စူး၍ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ်နေ ဇနီး အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီ လူမှုထူးချွန် (ဒုတိယဆင့်) ဒေါ်အေးအေးကြည်၊ သားသမီးမြေးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးတွင် အသုံးပြုရန် စတီးရေတိုင်ကီတစ်လုံးအတွက် အလှူငွေကျပ် ခြောက်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

☆ **ကျောဖုံးမှ**

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဗန်ကောက်မြို့ Royal Thai Navy Institute ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Royal Thai Navy Institute သို့ရောက်ရှိကြရာ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Paryuth Chan O Cha၊ ထိုင်းဘုရင့်ရေတပ်ဒုတိယဦးစီးချုပ် Admiral Weerapol၊ ထိုင်းဘုရင့်လေတပ်ဒုတိယဦးစီးချုပ် Air Chief Marshal Srichown တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn က ည ၇ နာရီတွင် ဗန်ကောက်မြို့ Dusit Thani ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ လောဘူရီပြည်နယ်ရှိ Special Warfare Command ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ လောဘူရီပြည်နယ်ရှိ Special Warfare Command သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော် ထောက်လှမ်းရေးမှူးချုပ် Lt. Gen. Attanop Sirisak လိုက်ပါလျက် ထိုင်းဘုရင့် ကြည်းတပ် ရဟတ်ယာဉ်များဖြင့် လောဘူရီပြည်နယ်ရှိ Special Warfare Command သို့ ရောက်ရှိကြရာ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား Special Warfare Command မှ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် Special Warfare Command (RAMA-V) ၌ အထိမ်းအမှတ်ပန်းခွေချသည်။

ဆက်လက်၍ Special Warfare Command ရှိ ရှင်းလင်းခန်းမ၌ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းများ သင်ကြားနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် Special Warfare Command မှ အလွတ်လေထီးခုန်အဖွဲ့ သရုပ်ပြသမှုနှင့် တပ်ဖွဲ့ဆိုင်ရာများ လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Yutthasak Sasiprapa တို့ တွေ့ဆုံစဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ လောဘူရီပြည်နယ်ရှိ Special Warfare Command မှ အလွတ်လေထီးခုန်အဖွဲ့ သရုပ်ပြသမှုကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Yutthasak Sasiprapa အား ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ကာကွယ်ရေးဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အတူ ထိုင်းတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

ထိုသို့ တွေ့ဆုံရာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ချိန်နှင့် ၂၀၁၁ ခုနှစ် တာချီလိတ် တာလေဒေသ မြေငလျင်ဒဏ်ဖြစ်ပွားချိန်တို့တွင် ထိုင်းနိုင်ငံပြည်သူများနှင့် ထိုင်းတပ်မတော်တို့မှ ဆေးဝါးနှင့် ပစ္စည်းများ၊ ငွေကြေးများ လှူဒါန်းထောက်ပံ့ကူညီမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလျက်ရှိချိန်တွင် နှစ်နိုင်ငံ နယ်စပ်ဆက်သွယ်ရေးလမ်းလုပ်ငန်းများ အောင်မြင်အောင် အမြန်ဆုံးဆောင်ရွက်သွားရေး၊ နယ်စပ်ဒေသ မိမိနိုင်ငံဘက်ခြမ်း၌ စက်ရုံ အလုပ်ရုံများ ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံတည်ဆောက်၍ ဒေသတွင်းပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂပူမြို့နယ်အတွင်း ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် စေတီခုံကျေးရွာအုပ်စု တိုင်တစိုကျေးရွာ၌ ကျင်းပသည့် တိုင်တစို အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် ကွင်းကောက်မြို့ ဘွက်ကျေးရွာအုပ်စုနှင့် ခြောက်ရွာကျေးရွာအုပ်စုရှိ လောကအလင်းရှင်နှင့် ဓမ္မဝိဟာရ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားတို့သို့ တက်ရောက်ရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တ တေဇောသာရာဘိဝံသက စာကြည့်တိုက် ရန်ပုံငွေအတွက် အလှူငွေကျပ် တစ်သိန်းနှင့် အလှူရှင်တစ်ဦးက ရုပ်မြင်သံကြား စက်တစ်လုံးတို့ကို လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စာကြည့်တိုက် ရန်ပုံငွေအတွက် အလှူငွေကျပ် တစ်သိန်း၊ အလှူရှင်များက အလှူငွေကျပ် ခြောက်သောင်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက သုတရသစာအုပ် ၂၀၀၀ ကျော်ကို ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ညောင်ကျိုးကျေးရွာအုပ်စု (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၌ ကျင်းပသည့် တိုးချဲ့ဆောင်သစ်ဓာတ်မှန်စက်နှင့် ဓာတ်မှန်ဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ အလှူရှင်များက တိုးချဲ့ဆောင်သစ်အတွက် ငွေကျပ် ၉၄ သိန်းနှင့် ညောင်ကျိုးတိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းတို့ကို လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဓာတ်မှန်စက်နှင့် ဓာတ်မှန်ဆောင်၊ ခွဲစိတ်ဆောင်နှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ညောင်ကျိုးကျေးရွာအုပ်စု မိုဘိုင်း ရေဒီယိုစခန်း ဖွင့်ပွဲအခမ်းအနား၊ ညောင်ကျိုးတိုက်နယ် လောင်းကစားကင်းစင်နယ်မြေ ဆိုင်းဘုတ်တင်အခမ်းအနားနှင့် အိုးကွဲ-ပျိုးကုန်း၊ လူတော်စုကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အား လိုင်းသစ်ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ပြီး လျှပ်စစ်ဓာတ်အားလိုင်းသစ် ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးရွာလမ်းမီးများ၊ ရောင်စုံမီးအလှများကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဇန်နဝါရီ ၇ ရက်တွင် ကြို့ပင် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ ၊ မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ် ဆက်သွယ်သည့် ထူးကြီး-ကြို့ပင် လမ်းပေါ်ရှိ ကိုယ့်အားကိုယ်ကိုး ယိုးဒယားတပ်တံတားဖွင့်ပွဲနှင့် ထူးကြီးမြို့ အခြေခံပညာအထက်တန်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားတို့သို့ တက်ရောက်သည်။

ညနေပိုင်းတွင် ထူးကြီးမြို့ ဇေတဝန်ကျောင်းတိုက်သို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေကျပ်သိန်း ၅၀ ကို ဆရာတော် ဘဒ္ဒန္တ ကန္တဝုဓာဘိဝံသထံ လှူဒါန်းကာ မဟာသိဝစေတီတော် ရာပြည့်ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားသို့ တက်ရောက်၍ ကြွရောက်တော်မူလာကြသော သံဃာတော် အရှင်သူမြတ် ၁၀၈ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ညပိုင်းတွင် အင်္ဂပူမြို့ အခြေခံပညာအထက်တန်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် အင်္ဂပူမြို့နယ် အိုးကွဲ-ပျိုးကုန်း၊ လူတော်စုကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်းသစ်ဖွင့်ပွဲအခမ်းအနား၌ ကျေးရွာလမ်းမီးများ၊ ရောင်စုံမီးအလှများအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ထူးကြီးမြို့ မဟာသိဝစေတီတော် ရာပြည့်ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် ရေစက်ချပွဲ၊ မဟာသိဝစေတီတော် ရာပြည့်သမိုင်း ကျောက်စာတိုက်ဖွင့်ပွဲ၊ လယ်ပြင်ကျောင်းတိုက်အတွင်းရှိ ဝိမုတ္တိရသစာကြည့်တိုက်ဖွင့်ပွဲနှင့် ကွင်းကော်မြောက်ကျေးရွာအုပ်စု သာပေါင်း အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲတို့သို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသေးစား ငွေစုငွေချေးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးလာ မတည်ရင်းနှီးငွေထပ်မံလိုအပ်သူများအား ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေများ တိုးမြှင့်ချေးပေးရေး စနစ်တကျဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၀

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် တာမွေကြီး (က/ဂ) ရပ်ကွက် တာမွေကြီးပွားရေးဓမ္မာရုံ၌ လည်းကောင်း၊ ညနေ ၄ နာရီတွင် မေတ္တာညွန့်ရပ်ကွက် မေတ္တာပုညကာရီဓမ္မာရုံ၌**(အပေါ်ပုံ)** လည်းကောင်း၊ ညနေ ၅ နာရီ ခွဲတွင် သဃ်န်းကျွန်းမြို့နယ် (ဃ)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ လည်းကောင်း မတည်ရင်းနှီးငွေရယူပြီး လုပ်ငန်းများ ဆောင်ရွက်နေသည့် လက်လုပ်လက်စား ၄၀၅ ဦးနှင့် တွေ့ဆုံဆွေးနွေးရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန်း၊ တာမွေမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးတို့က အသေးစား ပုဂ္ဂလိကငွေစုငွေချေးအသင်းများမှ မတည်ရင်းနှီးငွေထုတ်ချေးပေးထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ အသေးစားငွေစုငွေချေးလုပ်ငန်း ဥပဒေကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ ယင်းဥပဒေအတိုင်း အသေးစားငွေစုငွေချေးအသင်းများက ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ယခုအခါ လုပ်ငန်းစဉ်များ အရှိန်ရလာပြီဖြစ်ပြီး အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများသည် ရန်ကုန်တိုင်းဒေသကြီး ၁၉ မြို့နယ်၌ စနစ်တကျ ဖွံ့ဖြိုးလာနေပြီဖြစ်ကြောင်း၊ ချေးငွေရယူမှု၊ အတိုးရော အရင်းပါ ပြန်ဆပ်မှုများကို လုပ်ထုံးလုပ်နည်း စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယခုသုံးလကျော်ကာလအတွင်း ဒေသအလိုက် လက်လုပ်လက်စားများ၊ အရင်းအနှီးလိုအပ်နေသူများ ထိုက်သင့်သည့် ချေးငွေများရယူ၍ သင့်လျော်သည့် လုပ်ငန်းများကို ရိုးသားကြိုးစားဆောင်ရွက်ပြီး နေရေး၊ စားရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် တိုးတက်မှုများ ရရှိလာနေသည်ကို တွေ့မြင်ကြားသိရကြောင်း၊ နိုင်ငံတော်အစိုးရ၏ စေတနာအတိုင်း ဆင်းရဲမှုများလျှော့ချပြီး အမှန်တကယ် ဒေသဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မတည်ရင်းနှီးငွေ ထပ်မံလိုအပ်သူများကိုလည်း ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေများ တိုးမြှင့်ချေးပေးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများမှ ကိုယ်တိုင်စုငွေများ ထည့်ဝင်ပြီး ချေးငွေရယူသူများအနေဖြင့် တာမွေမြို့နယ်တွင် လက်လုပ်လက်စား ၁၁၆၅ ဦးက ချေးငွေကျပ် ၁၇၅၀၅၅၀၀၀၊ သဃ်န်းကျွန်းမြို့နယ်တွင် လက်လုပ်လက်စား ၅၈၅၉ ဦးက ချေးငွေကျပ် ၄၆၀၂၁၅၀၀၀၀ တို့ကို အသီးသီး ချေးယူခဲ့ကြကြောင်း၊ ယင်းချေးငွေများဖြင့် လုပ်ငန်းမျိုးစုံ ဆောင်ရွက်လျက် ဆင်းရဲမှုလျှော့ချရေး၊ ဒေသရပ်ကွက်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လက်တွေ့ကျကျ ဆောင်ရွက်နေကြပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာ အားကစားသတင်း

ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆု မက်ဆီဆွတ်ခူး

ဘာစီလိုနာ ဇန်နဝါရီ ၁၀

ဘာစီလိုနာကြယ်ပွင့် လီယွန်နယ်မက်ဆီ**(အောက်ပုံ)**သည် ၂၀၁၁ ခုနှစ်အတွက် ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ မက်ဆီသည် အဆိုပါဆုကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

အသက် (၂၄)နှစ်အရွယ် မက်ဆီသည် ၂၀၁၁ ခုနှစ်အတွင်း ချန်ပီယံလိဂ်၊ စပိန်လာလီဂါနှင့် ကမ္ဘာ့ကလပ်ဖလားပြိုင်ပွဲများတွင် အထူးခြေစွမ်းပြကစားနိုင်ခဲ့ပြီး အသင်းအတွက် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သဖြင့် ရီးယဲလ်မက်ဒရစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုနှင့် အသင်းဖော်ဇာဗီတို့ကို ကျော်ဖြတ်ကာ အဆိုပါဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဘာစီလိုနာနည်းပြ ဂွာဒီယိုလာသည်လည်း မန်ယူနည်းပြ ဖာဂူဆန်နှင့် ရီးယဲလ်မက်ဒရစ်နည်းပြ မော်ရင်ဟိုတို့ကို ကျော်ဖြတ်ကာ ၂၀၁၁ ခုနှစ်အတွက် အကောင်းဆုံးနည်းပြအဖြစ် မှတ်တမ်းတင်ခြင်းခံခဲ့ရသည်။ ***အင်တာနက်။***

KIA (ကချင်)အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိ ပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ရှုဒူဖွတ်ကျေးရွာနေ မောင်ညီပေါင်း အသက် (၂၁)နှစ်သည် ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ရွှေမော်လုပ်ကိုင်ရာမှ ကျေးရွာသို့ ပြန်လာစဉ် မိုးကောင်းချောင်းအနီး၌ KIA (ကချင်)အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိ ပေါက်ကွဲ၍ လက်ဝဲဘက် ခြေမပြတ် ဒဏ်ရာနှင့် လက်ဝဲဘက်ချိုင်းအောက်တို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သဖြင့် တာဝန်ရှိသူတို့က တနိုင်းမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ကြာအင်းဆိပ်ကြီးမြို့နယ်၌ ပေါက်ကွဲမှု တစ်ခုဖြစ်ပွား တစ်ဦးသေဆုံး၊ ၁၁ ဦးဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၀

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာဘုရားပွဲ၌ ဇန်နဝါရီ ၇ ရက် ညပိုင်းတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီး တစ်ဦးသေဆုံးကာ ၁၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် ပွဲဈေးတန်းလာသူတစ်ဦး၏ လွယ်အိတ်ထဲမှ ဗုံးတစ်လုံးပြုတ်ကျပေါက်ကွဲမှုကြောင့် အနန်းကွင်းကျေးရွာနေ မချိုချိုမြင့် အသက်(၂၅)နှစ်သေဆုံးပြီး အမျိုးသမီးရှစ်ဦးနှင့် အမျိုးသား သုံးဦး ဒဏ်ရာများရရှိခဲ့သဖြင့် သံဖြူဇရပ်ဆေးရုံနှင့် မော်လမြိုင်ဆေးရုံကြီးတို့သို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူတို့က ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများနှင့် အင်းဝနှင့် ပင်းယဒေသအတွင်းရှိ စေတီပုထိုးများ ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် လှူဒါန်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၀

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ရှေးဟောင်းစေတီပုထိုးများကို ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းစေတီ ၁၂ ဆူကို ရှေးမူလက်ရာမပျက် ဘက်စုံပြုပြင်ရန် လည်းကောင်း၊ စေတီရှစ်ဆူကို လက်ရှိအနေအထားအတိုင်း ပြုပြင်ထိန်းသိမ်းရန် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အင်းဝနှင့်ပင်းယဒေသရှိ ပင်းယခေတ်၊ အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်ရှေးဟောင်းစေတီ ၂၉ ဆူကို ဘက်စုံပြုပြင်ရန် လည်းကောင်း၊ စေတီ ၄၅ ဆူကို လက်ရှိအနေအထားအတိုင်း တိုး၍ မပျက်စီးစေရေး ပြုပြင်ထိန်းသိမ်းရန်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့အစည်းများ၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါ စေတီပုထိုးများ ရှေးမူမပျက်ဘက်စုံပြုပြင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သည့်နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော် ၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန နေပြည်တော် ၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ ၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ စစ်တွေဌာနခွဲ စစ်တွေမြို့ ၀၄၃-၂၃၄၆၅

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မြောက်ဦးဌာနစု မြောက်ဦးမြို့ ၀၄၃-၂၁၂၉၃

၆။ ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီးရုံး ၀၄၃-၂၂၆၅၁

၇။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ၀၄၃-၂၃၆၃၆၊ ၂၃၉၉၁

၈။ ရခိုင်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၀၄၃-၂၁၉၂၃

၉။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ မန္တလေးမြို့ ၀၂-၇၆၁၅၂

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဘော်လီဘောအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ဤပြိုင်ပွဲကို National Fitness ဖြစ်သည့် အမျိုးသား ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ စည်းလုံးညီညွတ်၍ အပန်းဖြေမှုရရှိရေး၊ ကျန်းမာရွှင်လန်းစွာဖြင့် လုပ်ငန်းတာဝန်များ ပိုမိုထမ်းရွက်နိုင်စေရေးတို့အတွက် ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို ရေတို/ရေရှည်စီမံချက်များ ရေးဆွဲချမှတ်၍ "မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့" ဆိုသည့်မြင့်မားပြီး လက်တွေ့ကျသော ဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ဝန်ထမ်းအချင်းချင်း ရင်းနှီးချစ်ခင်စွာ အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ယှဉ်ပြိုင်ကစားသွားကြရန်၊ ယခုပြိုင်ပွဲမှတစ်ဆင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်းထက်မြက်မြင့်မားသည့် ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပထမနေ့ပြိုင်ပွဲများကို ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။ ပြိုင်ပွဲသို့ အသင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲများကို ဇန်နဝါရီ ၂၇ ရက်အထိ တစ်နေ့သုံးပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှူဒါန်း

နှစ်ဖက်သော မိဘများအား အမှူးထား၍ တောင်ဥက္ကလာပမြို့နယ်နေ ဦးချစ်နိုင်-ဒေါ်မိုးမိုးခိုင်၊ သမီး မအိကြာဖြူ၊ သား မောင်ကျော်ဇင်သိုက်၊ ညီမ မလဲ့လဲ့နိုင် မိသားစုက ဇန်နဝါရီ ၅ ရက်က ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ် တစ်သိန်းကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့မှူး ဦးမျိုးမြင့် လက်ခံစဉ်။

(ကြေးမုံ)

အလေးပြုခြင်းခံယူ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

နေပြည်တော် ဇန်နဝါရီ ၁၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီခွဲတွင် ဗန်ကောက်မြို့ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး စစ်ရေးပြကွင်း၌ ကျင်းပသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား တက်ရောက်ရန် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး စစ်ရေးပြကွင်းသို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိလာရာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခင်မင်ရင်းနှီးစွာကြိုဆိုနှုတ်ဆက်ပြီး ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြကာ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးပြီးချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မြန်မာ့တပ်မတော်အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား **စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

ယခင် ရွေးကောက်ပွဲအတွေ့အကြုံများကို သင်ခန်းစာယူ၍ ပိုမိုပြည့်စုံမှန်ကန်ပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးကို ဥပဒေနှင့်အညီ ကြိုးကြပ်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၀

မကြာမီကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ယခင် ရွေးကောက်ပွဲအတွေ့အကြုံများကို သင်ခန်းစာယူ၍ ပိုမိုပြည့်စုံမှန်ကန်ပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးကို ဥပဒေနှင့်အညီ ကြိုးကြပ်ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံရေးပါတီများကိုလည်း သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ကြိုးကြပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအတွင်း ရွေးကောက်ပွဲဆိုင်ရာ အသိပညာ ပြန့်ပွားစေရေးနှင့် နိုင်ငံရေးပါတီအချင်းချင်း အပြန်အလှန် ထိန်းကျောင်းစေသည့်စနစ်ကိုလည်း အကောင်အထည်ဖော်ဆောင်ကြရမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဥပဒေနှင့်အညီ တိကျရဲဝံ့စွာ ဘက်မလိုက်ဘဲ လုပ်ဆောင်ကြရန် လိုကြောင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည့် လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ကြားဖြတ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

ယာဉ်အန္တရာယ်ကင်းဝေးရေး အများပြည်သူကို အသိပေး စည်းကမ်းဖောက်ဖျက်ကျူးလွန်သူများအား အရေးယူမည်

သတင်းဆောင်းပါး စာမျက်နှာ - ၅

ရုရှားလုပ် ဂျက်တိုက်လေယာဉ်များ ဝယ်ယူရန် အင်ဒိုနီးရှားအစိုးရအဖွဲ့ ကန်ထရိုက်စာချုပ် ချုပ်ဆို

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

ယနေ့ မိုးလေဝသ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

(11-1)20.pmd 1 1/11/2012, 2:53 AM